# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ပညာရှိ

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)


၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက် | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၀၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး အဆောက်အဦသစ်ဖွင့်ပွဲ တက်ရောက်

## တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများနှင့်တွေ့ဆုံ

မြစ်ကြီးနား ဇန်နဝါရီ ၁၁

မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်၌ တည်ဆောက်ပြီးစီးသော တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံးသစ် အဆောက်အဦဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအဆောက်အဦ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းနှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးခင်ရီ၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်သက်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❄




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ ဒေသခံပြည်သူများနှင့်အတူ ကချင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး အဆောက်အဦရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ယနေ့ ဖတ် စ ရာ


**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း**

ဥပဒေပြဋ္ဌာန်း | စာ - ၄

**ကောင်းမွန်သော ပြုပြင်ပြောင်းလဲရေးဆိုသည်မှာ .......**

ဆောင်းပါး | စာ - ၆


## အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇန်နဝါရီ ၁၁

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများနှင့် လေဖိအားနည်းချိုင့်ဝှမ်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ ရေခိုး၊ ရေငွေ့ပါသည့် လေများ တိုက်ခတ်လာခြင်းကြောင့်လည်းကောင်း ဇန်နဝါရီ ၁၄ ရက်မှ ဇန်နဝါရီ ၁၉ ရက်အတွင်း


*စာမျက်နှာ ၅ ကော်လံ ၁* ◆

# ဆက်လက်လျှောက်လှမ်းနေကြရမည့် ထာဝရငြိမ်းချမ်းရေးသို့ ခရီးစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည် ဟူသော အချက်တစ်ချက်လည်း ပါဝင်သည်။ နိုင်ငံတော်တာဝန်ကို ယူထားစဉ်ကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရပ်တန့်တုံ့ဆိုင်းမသွားစေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ထည့်သွင်းထားခြင်းပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် ၂၀၂၂ ခုနှစ်သည် အရေးပါသည့် နှစ်ဖြစ်ပါကြောင်း၊ လာမည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် စိန်ရတုပြည်ထောင်စုနေ့ ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည့်အတွက် ယခုနှစ်သည် စိန်ရတုအကြိုကာလဖြစ်ပါကြောင်း၊ ၇၅ နှစ်တာ ကြာခဲ့ပြီဖြစ်သည့် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုမိုခိုင်မာစေရန် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များနှင့် ပြည့်စုံရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စရမည်ဖြစ်ပါကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ စတုတ္ထအချက်ထဲတွင်လည်း ဖော်ပြထားပြီးဖြစ်၍ သက်ဆိုင်သူအဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခသည် လွတ်လပ်ရေးရပြီးချိန်မှ စတင်ပေါ်ပေါက်လာခြင်းဖြစ်သကဲ့သို့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုများမှာလည်း ထိုစဉ်ကပင် မရှေးမနှောင်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံကို တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားမျိုးစုံပါဝင်သည့် ပြည်တွင်း ညီညွတ်ရေးအကြံပေးအဖွဲ့ကိုဖွဲ့စည်းကာ အမျိုးသားရင်ကြားစေ့ရေး ဆောင်ရွက်ခဲ့ကြသော်လည်း မအောင်မြင်ခဲ့။ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေးတည်ဆောက်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသည့်ခေတ်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်း ပေါ်ပေါက်လာသည်။

တပ်မတော်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး NCA လမ်းကြောင်းတွင် လျှောက်လှမ်းကြရန် အစဉ်တစိုက်တိုက်တွန်းနှိုးဆော်ခဲ့ပြီး တစ်ဖက်သတ်ပစ်ခတ်တိုက်ခိုက်မှုကိုလည်း ရပ်စဲပေးထားသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများကို နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နေ့အထိ ငါးလကြာ ရပ်စဲတိုးမြှင့်ပေးထားသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာတွင် အစိုးရအပြောင်းအလဲကြောင့် ရပ်ဆိုင်းသွားရမည်မဟုတ်ဘဲ အစိုးရအဆက်ဆက် လက်ဆင့်ကမ်းဖော်ဆောင်သွားကြရမည်ဖြစ်ရာ ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားစွာဖြင့် တစ်ဆင့်ပြီးတစ်ဆင့် မြင့်သည်ထက်မြင့်အောင် တက်လှမ်းကြရမည်ဖြစ်သည်။ NCA စာချုပ်သည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ လိုလားချက်၊ ကနဦးအဆိုပြုချက်များအပေါ် မူတည်ပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အကျေအလည် အသေးစိတ် ကြိမ်ဖန်များစွာ ဆွေးနွေးညှိနှိုင်း သဘောတူရေးဆွဲခဲ့သည့် စာချုပ်ဖြစ်သည်။

NCA သည် ငြိမ်းချမ်းရေးအတွက် လျှောက်လှမ်းရမည့် လမ်းကြောင်းဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အာမခံထားရာ NCA လမ်းကြောင်းတွင် ခိုင်ခိုင်မာမာ လျှောက်လှမ်းခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးခရီးကို မပျက်မကွက် စိစစ်နိုင်ကြပါစေကြောင်း။ ။

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၁၁

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် မိုင်းယန်းမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့နှင့် လွိုင်လင်မြို့တို့တွင် ၅ ဒီဂရီ စင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး သိန်းတိုး ကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပဲခူးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



ပဲခူး ဇန်နဝါရီ ၁၁

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်ဒေသများ၌ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာရေးနှစ် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ထောက်ပံ့ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများက ဇန်နဝါရီ ၉ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။(ယာပုံ)

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ပဲခူးတိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်နှင့် ဝန်ထမ်းများသည် ပဲခူးမြို့နယ်အတွင်းရှိ အေးရွာကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်၁၀ သန်း၊ ပြည်သူထည့်ဝင်ကျပ် ၁၂ သန်း စုစုပေါင်းငွေကျပ် ၂၂ သန်းဖြင့် ဆောင်ရွက်သော လမ်းအရှည်ပေ ၁၅၁၀၊ အကျယ် ရှစ်ပေ၊ အမြင့် ရှစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ကိုင်းတာကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ထောက်ပံ့ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင် ငွေကျပ် တစ်သန်း၊ စုစုပေါင်း ၁၁ သန်းဖြင့် ဆောင် ရွက်သည့် လမ်းအရှည်ပေ ၂၁၉၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၈ လက်မ ရှိ ဂဝံမြေနီခင်းခြင်း လုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်သည် ရပ်မိ ရပ်ဖများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ကျေးရွာပြည်သူလူထု အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြရန် ပြောကြားခဲ့သည်။

သုတ(ကျေးလက်)

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၁-၁-၂၀၂၂) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti-inflammatory | | | | |
| 1 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 2 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 3 | Injection-Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 4 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 5 | Injection - Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 6 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 7 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 8 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 9 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 10 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 323302521392189/ posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ သတင်းစဉ်

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# သက်ဆိုင်သူ အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ဖိတ်ခေါ်

၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ် ဖြစ်ပါတယ်။ လာမယ့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတု လွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် ယခုနှစ်ဟာ စိန်ရတုအကြိုကာလ ဖြစ်ပါတယ်။ ဒါကြောင့် ၇၅ နှစ်တာ ကြာခဲ့ပြီဖြစ်တဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များနဲ့ ပြည့်စုံဖို့ အရေးကြီးပါတယ်။

ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ရဲ့ စတုတ္ထအချက်ထဲမှာလည်း ဖော်ပြထားပြီးဖြစ်လို့ သက်ဆိုင်သူအဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၁-၂၀၂၂ ရက်နေ့တွင် ပြောကြားသည့် ၂၀၂၂ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)**

❊ *ရှေ့ဖုံးမှ*

ရှေးဦးစွာ ရုံးသစ်အဆောက်အဦကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူး တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တို့က ရုံးအသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ရုံးသစ်အဆောက်အဦအတွင်း ခင်းကျင်းပြသထားသည့် တိုင်းရင်းသားစာပေစာအုပ်စာစောင်များ၊ တိုင်းရင်းသားများ အခွင့်အရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေစာအုပ်များကို လှည့်လည်ကြည့်ရှုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးလေ့ကျင့်ရေးဦးစီးဌာန၊ အမှတ် ၁ နှင့် ၂ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (မြစ်ကြီးနား) မှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် ရုံးဖွင့်ပွဲ အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်တို့က အမှာစကား ပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက ရုံးသစ်ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ဧည့်သည်တော်များထံ ပေးအပ်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေပေးအပ်စဉ်။

### နှုတ်ခွန်းဆက်စကားပြောကြား

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းအတွင်း မနောအိမ်တော်၌ ပြည်နယ်အတွင်းရှိ ကချင်တိုင်းရင်းသားများ၊ ရှမ်းတိုင်းရင်းသားများနှင့် ဗမာတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့်တွေ့ဆုံရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် တိုင်းရင်းသားအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များအတွက် ချီးမြှင့်ထောက်ပံ့ငွေများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ကြရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကိုယ်စား မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးလနူး က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

### ကောက်သစ်စားပွဲတက်ရောက်

ထို့နောက် မဂ္ဂယ်ခန်းမ၌ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ခေါင်းဆောင်များ၊ အဖွဲ့ဝင်များနှင့်အတူ ကောက်သစ်စားပွဲ အခမ်းအနားသို့ တက်ရောက်ပြီး နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ ရှောရပ်ကွက်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးလေ့ကျင့်ရေး ဦးစီးဌာန၊ အမှတ် ၁ နှင့် ၂ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (မြစ်ကြီးနား) မှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် က ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနမှ ဖွင့်လှစ်သည့် သင်တန်းကျောင်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကချင်ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးက ဖွံ့ဖြိုးရေးသင်တန်းကျောင်း (၂) ခု၏ သင်ကြားရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ထောက်ပံ့ပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် Jeng Phang နော်တောင်က လမ်းညွှန်အမှာစကား ပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများအတွက် ထောက်ပံ့ငွေများ၊ ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ကြသည်။

### ရင်းရင်းနှီးနှီး အားပေး

ယင်းနောက် ကျောင်းဝင်းအတွင်း ကျောင်းသား ကျောင်းသူများ၏ ကိုယ်ကာယ ကြံ့ခိုင်မှု လေ့ကျင့်ရေး ပစ္စည်းများဖြင့် လေ့ကျင့်ခန်းဆောင်ရွက်နေမှု၊ စားရိပ်သာတွင် အစားအသောက် ကျွေးမွေးမှုအခြေအနေ၊ အိပ်ဆောင်များနှင့် ကျောင်းစာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂ /၂၀၂၂**
**၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်**
**(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၉။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းသည်–

(က) ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ — ဥက္ကဋ္ဌ

(ခ) အကျိုးတော်ဆောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ — ဒုတိယဥက္ကဋ္ဌ

(ဂ) နိုင်ငံတော်အတွင်း ဩဇာတိက္ကမ ကြီးမားသည့်ဆရာတော်များအနက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက လျှောက်ထားတာဝန်ပေးအပ်သော ဆရာတော်နှစ်ပါး၊ — အဖွဲ့ဝင်

(ဃ) ဒုတိယဥက္ကဋ္ဌ ခြောက်ပါး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ — အဖွဲ့ဝင်

(င) နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဇဟို အဖွဲ့ဝင်ဆရာတော်များအနက် ဝန်ကြီးဌာနက လျှောက်ထားတာဝန် ပေးအပ်သော ဆရာတော်သုံးပါး၊ — အဖွဲ့ဝင်

(စ) ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)၊ — အဖွဲ့ဝင်

(ဆ) ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)၊ — အဖွဲ့ဝင်

(ဇ) ဌာနကြီးမှူး ဆရာတော်များ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ — အဖွဲ့ဝင်

(ဈ) ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ — အတွင်းရေးမှူး

(ည) ဒုတိယပါမောက္ခချုပ်ဆရာတော် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်။" — တွဲဖက်အတွင်းရေးမှူး

၃။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "ကြပ်မတ်၍"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၂။ ဩဝါဒါစရိယအဖွဲ့ အစည်းအဝေးကို–

(က) တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

(ခ) လိုအပ်ပါက အရေးပေါ် ခေါ်ယူကျင်းပနိုင်သည်။"

၅။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၁၃ တွင်–

(က) ပုဒ်မခွဲ(ခ)၌ "နှင့် မဟာဌာနမှူးများ"ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ခ) ၏ နောက်၌ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဂ) ဌာနကြီးမှူးများ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊" — နာယကအဖွဲ့ဝင်

(ဂ) ပုဒ်မခွဲ(ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)နှင့် (ည)တို့ကို ပုဒ်မခွဲ(ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)နှင့် (ဋ)တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

၆။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၅။ ကောင်စီအစည်းအဝေးကို–

(က) ဩဝါဒါစရိယအဖွဲ့အစည်းအဝေးမတိုင်မီ သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

(ခ) လိုအပ်ပါက အခြားအချိန်များတွင်လည်း ခေါ်ယူကျင်းပနိုင်သည်။"

၇။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဗ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဗ) ဝန်ထမ်းဖွဲ့စည်းပုံတွင် ပါဝင်ခြင်းမရှိသည့် ရဟန်းတော်များနှင့် နိုင်ငံ့ဝန်ထမ်း မဟုတ်သော လူပုဂ္ဂိုလ်ပညာရှင်များကို သင်ကြားရေးကဏ္ဍအတွက် ခန့်အပ်ရာတွင် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့က အဆိုပြုရွေးချယ်သူကို အစည်းအဝေးအတည်ပြုချက်ဖြင့် ခန့်အပ်ခြင်း၊ ယင်းတို့အတွက် လှူဒါန်းထောက်ပံ့ခြင်း သို့မဟုတ် ချီးမြှင့်ခြင်း၊"

၈။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ အခန်း(၆)ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်–

"ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် အခြားသင်ကြား ဆရာတော်များ"

၉။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၇။ (က) ဝန်ကြီးဌာနသည်–

(၁) ကောင်စီ၏ အတည်ပြုချက်ရယူပြီး ဩဝါဒါစရိယအဖွဲ့၏ ဩဝါဒကို ခံယူ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြား) တို့ကို ခန့်အပ်ရမည်။

(၂) တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြား) တို့ကို စတင်ခန့်အပ်သည့်နေ့မှစ၍ တစ်ဆက်တည်း ၁၅ နှစ်အထိ ခန့်အပ်နိုင်သည်။

(၃) ခန့်အပ်နိုင်သောကာလပြည့်သည့် တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြား) တို့အား ယင်းတို့၏ ကျန်းမာရေးကောင်းမွန်မှု၊ တာဝန်ဆက်လက်ထမ်းဆောင်လိုမှုတို့အပေါ် မူတည်၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆက်လက်ခန့်အပ်နိုင်သည်။

(ခ) တက္ကသိုလ်ပါမောက္ခချုပ် သို့မဟုတ် ဒုတိယပါမောက္ခချုပ် (သင်ကြား) တို့သည် မိမိကို ခန့်အပ်ထားသောကာလ မကုန်ဆုံးမီ ဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုပါက ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ စာဖြင့်တင်ပြပြီး နုတ်ထွက်နိုင်သည်။

(ဂ) တက္ကသိုလ်ပါမောက္ခချုပ် သို့မဟုတ် ဒုတိယပါမောက္ခချုပ် (သင်ကြား) တို့သည် ပုဒ်မ ၁၈ ပါ ဂုဏ်အင်္ဂါအရည်အချင်းတစ်ခုခု ပျက်ယွင်းကြောင်း သို့မဟုတ် ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ပေါ်ပေါက်ပါက ကောင်စီ၏ အတည်ပြုချက်ရယူပြီး ဩဝါဒါစရိယအဖွဲ့၏ ဩဝါဒကိုခံယူ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်မှရပ်စဲခြင်းကို ဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

(ဃ) ခန့်အပ်ထားသောကာလ ကုန်ဆုံးခြင်းကြောင့်ဖြစ်စေ၊ ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ပျံလွန်တော်မူခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ တက္ကသိုလ်ပါမောက္ခချုပ် သို့မဟုတ် ဒုတိယပါမောက္ခချုပ် (သင်ကြား) ရာထူးနေရာ လစ်လပ်လျှင် ဝန်ကြီးဌာနက ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ခန့်အပ်ရမည်။

၁၀။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေပုဒ်မ ၁၇ နောက်တွင် ပုဒ်မ ၁၇–က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"၁၇–က။(က) ဌာနကြီးမှူး၊ ပါမောက္ခနှင့် တွဲဖက်ပါမောက္ခ ဆရာတော်တို့၏ ရာထူးသက်တမ်းသည် သက်တော် ၆၅ နှစ် ပြည့်သည်အထိဖြစ်သည်။

(ခ) ဝန်ကြီးဌာနသည် ရာထူးသက်တမ်းပြည့်သည့် ဌာနကြီးမှူးနှင့် ပါမောက္ခဆရာတော်တို့အား ဆက်လက်ခန့်အပ်လိုပါက အဆိုပါဆရာတော်များ၏ ကျန်းမာရေး ကောင်းမွန်မှု၊ တာဝန်ဆက်လက်ထမ်းဆောင်လိုမှုတို့အပေါ်မူတည်၍ သက်တမ်းတိုးခန့်အပ်နိုင်သည်။

(ဂ) ရာထူးသက်တမ်း ကုန်ဆုံးခြင်းကြောင့်ဖြစ်စေ၊ ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ပျံလွန်တော်မူခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ဌာနကြီးမှူး၊ ပါမောက္ခ သို့မဟုတ် တွဲဖက်ပါမောက္ခဆရာတော် ရာထူးနေရာလစ်လပ်လျှင် ဝန်ကြီးဌာနက သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ရမည်။"

၁၁။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၁၈ တွင်–

(က) ပုဒ်မခွဲ(ခ)တွင် ပါရှိသော "ပါရဂူဘွဲ့"ဆိုသည့် စကားရပ်ကို "ဗုဒ္ဓဘာသာစာပေဆိုင်ရာ ပါရဂူဘွဲ့တစ်ခုခုကို"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဃ) အောက်ဖော်ပြပါ ပရိယတ္တိစာမေးပွဲများအနက် အနည်းဆုံးနှစ်ခု အောင်မြင်ရမည်–

(၁) သာသနဓဇဓမ္မာစရိယ သို့မဟုတ် သာသနတက္ကသီလ ဓမ္မာစရိယ၊

(၂) သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ၊ မဟာဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) သို့မဟုတ် သာသနတက္ကသီလမဟာဓမ္မာစရိယ၊

(၃) သကျသီဟပရိယတ္တိသာသနဟိတဓမ္မာစရိယ၊

(၄) စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ ဂဏဝါစက။"

(ဂ) ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲငယ်(၈)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(၈) မိမိမှားမှန်းသိလျှင် အလျှော့ပေးခြင်း၊ ပြောလွယ်ဆိုလွယ်ဖြစ်ခြင်း "သောဝစဿ တာဂုဏ်"။"

(ဃ) ပုဒ်မခွဲ (ဇ) ၏ နောက်တွင် ပုဒ်မခွဲ(ဈ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ဈ) တက္ကသိုလ်တွင် ပါမောက္ခ သို့မဟုတ် ဌာနကြီးမှူးအဖြစ် လုပ်သက်အနည်းဆုံး သုံးနှစ် တာဝန်ထမ်းဆောင်ခဲ့သော ဆရာတော်ဖြစ်ရမည်။"

၁၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေပုဒ်မ ၂၂ ကို ပယ်ဖျက်ရမည်။

၁၃။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေ အခန်း (၁၀) အထွေထွေအခန်းတွင် ပုဒ်မ ၃၄ နှင့် ၃၅ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

*စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

"၃၄။ ဝန်ကြီးဌာနသည်-

(က) တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသည့် သင်တန်းသားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို သတ်မှတ်ပေးရမည်။

(ခ) တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသည့် သင်တန်းသားများ လိုက်နာရမည့် စည်းကမ်းများကို သတ်မှတ်ပေးရမည်။

(ဂ) တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသည့် သင်တန်းသားများသည် ပုဒ်မခွဲ (ခ) အရ သတ်မှတ်သည့်စည်းကမ်းများကို လိုက်နာရန် ပျက်ကွက်ပါက အရေးယူရမည့် စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းများကို သတ်မှတ်ပေးရမည်။

၃၅။ တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသည့် သင်တန်းသားများသည် သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာရန်ပျက်ကွက်ပါက စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းများအရ အရေးယူခြင်းခံရမည်။"

၁၄။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေ မူလပုဒ်မ ၃၄၊ ၃၅ နှင့် ၃၆ တို့ကို ပုဒ်မ ၃၆၊ ၃၇ နှင့် ၃၈ တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်-

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

◆ **ရှေ့ဖုံးမှ**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**အကြံပြုချက်**

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ



# အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် အာဆီယံဥပဒေရေးရာအခြေခံသင်တန်း အမှတ်စဉ် ၁/၂၀၂၂ သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာအခြေခံသင်တန်း အမှတ်စဉ် ၁/၂၀၂၂ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**အဆင်ပြေချောမွေ့ရန် ရည်ရွယ်**

သင်တန်းဖွင့်ပွဲ၌ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဤသင်တန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ဥပဒေ အသိပညာ ပြန့်ပွားရေးအတွက် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာ အခြေခံဗဟုသုတများကို မျှဝေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ တက်ရောက်ရန် စေလွှတ်သည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများထံမှလည်း အတွေ့အကြုံ ဗဟုသုတများ ရလိုပါကြောင်း၊ အပြည်ပြည်ဆိုင်ရာစာချုပ်များ၊ ကွန်ဗင်းရှင်းများ၊ အာဆီယံနှင့် ဒေသဆိုင်ရာစာချုပ်များ (Multilateral Treaty) လက်မှတ်ရေးထိုးခြင်း၊ အတည်ပြုပါဝင်ခြင်း ဆောင်ရွက်ကြရာတွင် လည်းကောင်း၊ နိုင်ငံခြားတိုင်းပြည်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် MOU ၊ MOA များ လက်မှတ်ရေးထိုး ဆောင်ရွက်ခြင်း(Bilateral Treaty) တွင် လည်းကောင်း၊ ယင်းစာချုပ်များအား လက်မှတ်ရေးထိုးခြင်း မပြုမီ ဤဝန်ကြီးဌာနသို့ ဥပဒေ သဘောထားမှတ်ချက်များ တောင်းခံသည့်အခါ ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အဆင်ပြေချောမွေ့ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

**အဆင့်မြင့်သင်တန်းများဖွင့်**

ဥပဒေရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀ -၂၀၂၄) တွင် အရည်အသွေးပြည့်မီသည့် ဥပဒေအကြံဉာဏ် ပေးနိုင်ရေးသည် ဥပဒေရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက် ပန်းတိုင်တစ်ခုဖြစ်ကြောင်း၊ အဆိုပါ ရည်မှန်းချက်ပန်းတိုင် အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ကြောင်း၊ ဤသင်တန်းသည် အခြေခံသင်တန်းဖြစ်သော်လည်း သင်တန်းကရရှိမည့် အတွေ့အကြုံ ဗဟုသုတများကို မိမိတို့ဌာနတွင် ပြန်လည်မျှဝေသင်ကြားပေးနိုင်ရန် Training of Trainers(ToT) အနေဖြင့် သင်ကြားခြင်းဖြစ်ကြောင်း၊ ဆက်လက်၍အဆင့်မြင့်သင်တန်းများ ဖွင့်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၁၂ (ဌ) အရ နားလည်မှုစာချွန်လွှာများ၊ သဘောတူညီချက် မှတ်တမ်းများ၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းများ၊ အခြားစာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအား ဥပဒေအကြံဉာဏ်ပေးခြင်းဟု ပြဋ္ဌာန်းထားပါကြောင်း ပြောကြားသည်။

**လက်တွေ့လေ့ကျင့်ခန်းများ ပြုလုပ်**

အဆိုပါ သင်တန်းကာလမှာ (၇) ရက်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စပ်လျဉ်းသည့် အခြေခံ စည်းမျဉ်းများ၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ အာဆီယံပဋိညာဉ်စာတမ်း၊ ကွန်ဗင်းရှင်းများ၊ နှစ်နိုင်ငံ သဘောတူစာချုပ်များ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များအကြောင်း၊ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (UPR Process) များကို ဆွေးနွေးပို့ချမည့်အပြင် သင်တန်းသားသင်တန်းသူများအနေဖြင့် ဝန်ကြီးဌာနများက လက်မှတ်ရေးထိုး ဆောင်ရွက်လေ့ရှိကြသည့် MOU ၊ MOA များကို ဥပဒေကြောင်းအရ စိစစ်ခြင်းအား လက်တွေ့လေ့ကျင့်ခန်းများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ တာဝန်ရှိသူများ ၊ သင်တန်းဆရာ၊ ဆရာမများနှင့် ဝန်ကြီးဌာနများမှ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



# ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူသော မီးသတ်ယာဉ် ၁၁ စီး လွှဲပြောင်းပေးအပ်ခြင်းနှင့် လေ့ကျင့်ရေးမျှော်စင် ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်၂၀၂၀ - ၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူသော မီးသတ်ယာဉ် ၁၁ စီး လွှဲပြောင်းပေးအပ်ခြင်းနှင့် လေ့ကျင့်ရေးမျှော်စင်(RESCUE Training Tower) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မီးသတ်ဦးစီးမှူးရုံး၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မီးသတ်ယာဉ် ၁၁ စီးကို လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးအောင်ဆွေဝင်းက လက်ခံရယူပြီး အထိမ်းအမှတ်ပစ္စည်းများပြန်လည်ပေးအပ်သည်။

ယင်းနောက် မီးသတ်ယာဉ်များ လက်ခံရရှိသည့် ခရိုင်/ မြို့နယ်တာဝန်ခံများကိုယ်စား ဟင်္သာတခရိုင် မီးသတ်ဦးစီးမှူး ဦးစိုးနောင် က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မီးသတ်ယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး မီးသတ်ယာဉ်များ၏ စက်စွမ်းရည် သရုပ်ပြသခြင်းများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ၂၀၂၀ - ၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်သော လေ့ကျင့်ရေးမျှော်စင် (RESCUE Training Tower ) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)** ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြသမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

သတင်းစဉ်

# ကောင်းမွန်သော ပြုပြင်ပြောင်းလဲရေးဆိုသည်မှာ .......

သိန်းမြင့်ကျော်

နိုင်ငံတော်၏ ပညာရေးလောကအတွက် သမိုင်းမှတ်တမ်းဝင် ထူးခြားမှုပေါ်ထွက်လာခဲ့ပါပြီ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၈/၂၀၂၁) ၌ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် " အင်္ဂလိပ်စာ ၊ ဇီဝဗေဒ ၊ ဓာတုဗေဒ ဘာသာရပ်များတွင် အမှတ်ကောင်းသူများကို ဆေးတက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဆိုခွင့်ပေးသွားမည်ဖြစ်ပြီး ထိုသို့ ဆေးတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားရာတွင်လည်း ပညာသင်ထောက်ပံ့ကြေးပေး၍ ကျောင်းတက်ခွင့်ပေးသွားမည်ဖြစ်ကာ နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံးဆယ်နှစ်တာဝန်ထမ်းဆောင်သွားရန် ဝန်ခံကတိ လက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်မထမ်းဆောင်လိုသူများအနေဖြင့် ပညာသင်ကြားရေးစရိတ် နိုင်ငံတော်သို့ ပြန်လည်ပေးချေရမည်ဖြစ်ကြောင်း" ထည့်သွင်းမိန့်ကြားခဲ့ပါသည်။

**နိုင်ငံတော်က ကျောင်းသားအတွက် စိုက်ထုတ်ကုန်ကျငွေနှင့် ယင်းကျောင်းသားမှ ဘွဲ့ရပြီး ပြည်သူ့အတွက် ထိုက်သင့်သော အကျိုးပြုမှုရရှိမည့် ကျောင်းသားကျောင်းသူကိုသာ ရွေးချယ်သင်ကြားခွင့်ပြုသင့်ပါသည်။ ရွေးချယ်မှုမှားယွင်းသောစနစ်ကို ကျင့်သုံးမိပါက မဖော်ပြနိုင်သောဆုံးရှုံးမှုကို ကြုံတွေ့ရမည်ဖြစ်သည်။ ဆင်းရဲချို့တဲ့သော တိုင်းပြည်အတွက် နိုင်ငံတော်၏ ပေးဆပ်မှုက ကြီးမားခြင်းကို အသိအမှတ်ပြုသင့်သလို၊ နိုင်ငံတော်အတွက် အကျိုးပြုမည့် လူငယ်များအတွက် လမ်းကြောင်းမှန်တက္ကသိုလ်သို့ ရောက်ရှိအောင် ပို့ဆောင်ပေးရမည့်တာဝန်ကို သက်ဆိုင်ရာတက္ကသိုလ်တာဝန်ရှိသူများက ကျေပွန်ဖို့ လိုအပ်ပါသည်**

နိုင်ငံတော် အကြီးအကဲတစ်ဦး၏ ပညာရေးလောက တိုးတက်စေရန် စိတ်ဝင်စားမှုနှင့် စေတနာပေါ်လွင်စေသည့်အပြင် နိမ့်ကျသော ပညာရေးစနစ် ပြုပြင်ပြောင်းလဲရန် အချက်ပေးမိန့်ခွန်းပင်ဖြစ်သည်။ ယခုအခါ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများအတွက် ဆေးတက္ကသိုလ်အပါအဝင် တက္ကသိုလ် အသီးသီးကို တက်ရောက်သင်ကြားခွင့်ပြုဖို့ ရွေးချယ်နေချိန်တွင် အချိန်မီ မိန့်ကြားသွားသော မိန့်ခွန်းဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် လိုက်နာမှတ်သားရပေမည်။

ရန်ကုန်ဆေးတက္ကသိုလ်သည် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၁၃၇၄ အဆင့်တွင် ရောက်ရှိနေရာ ရန်ကုန်ဆေးတက္ကသိုလ်၏ ဝင်ခွင့်ရွေးချယ်ရေးစနစ်မှအစ ဆေးတက္ကသိုလ်ပညာရေးစနစ် ပြင်သင့်သလား၊ မပြင်သင့်သလားဆိုသည်မှာ မေးခွန်း ထုတ်စရာပင် မလိုတော့ပါ။

### အရေးကြီးဆုံး ဖောင်ဒေးရှင်းအုတ်မြစ်

တက္ကသိုလ်ဝင်တန်း ၁၀ တန်း ( Grade 11) တွင် သိပ္ပံတွဲ၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ပါဝင်ပြီး ဆရာဝန်တစ်ယောက်၏ အရေးကြီးဆုံး ဖောင်ဒေးရှင်းအုတ်မြစ်ဖြစ်သည့် 2nd MB တွင် အဓိကဘာသာသုံးဘာသာမှာ Anatomy (ခန္ဓာဗေဒ)၊ Physiology (ဇီဝကမ္မဗေဒ)၊ Biochemistry (ဇီဝဓာတုဗေဒ ) ပါဝင်နေပေရာ ဆေးတက္ကသိုလ်တက်ရောက်သင်ကြားမည့်ကျောင်းသား/ကျောင်းသူများအနေဖြင့် ဇီဝဗေဒဘာသာရပ်ကို စိတ်ဝင်စားမှု၊ ဝါသနာပါမှု ရှိသူဖြစ်ရမည့်အပြင် ယင်းသို့ စိတ်ဝင်စားမှု၊ ဝါသနာပါမှုရှိသော ကျောင်းသားများသည် ၁၀ တန်း တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဇီဝဗေဒဘာသာရပ်ကို အနည်းဆုံးရမှတ် ၉၀ ရသူနှင့် ဆေးတက္ကသိုလ်သင်ကြားရေးအတွက် ပတ်သက်ဆက်စပ်သော ဘာသာရပ်များဖြစ်သည့် အင်္ဂလိပ်စာသည်လည်း အနည်းဆုံးရမှတ် ၇၀ နှင့် ဓာတုဗေဒဘာသာရပ်တွင်လည်း အနည်းဆုံးရမှတ် ၈၅ မှတ်အထက်ရသော ကျောင်းသား ကျောင်းသူများကိုသာ ဆေးတက္ကသိုလ် ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်အတွက် အခြေခံမူအဖြစ် ထည့်သွင်းသတ်မှတ်သင့်ပါသည်။

ဆေးတက္ကသိုလ်တွင် သင်ကြားရမည့် ဘာသာရပ်များ၏ အခြေခံ အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာရပ်များကို ၁၀ တန်းကတည်းက စိတ်ဝင်စားမှု ၊ ဝါသနာပါမှု၊ ထူးချွန်မှု ရှိသူကို ရွေးချယ်သင့်သည်။ ယင်းတက္ကသိုလ်များနှင့် ပတ်သက်သော အခြေခံဘာသာရပ်တစ်ခုချင်းရမှတ်ကို အဓိကသတ်မှတ်မှ သင့်တော်ပေမည်။

ထို့အပြင် ဆရာဝန်ဘွဲ့အတွက် နိုင်ငံခြားတိုင်းပြည်တွင် သွားရောက်သင်ကြားပါက သိန်း ၁၀၀၀ မှ သိန်း ၄၀၀၀ ခန့်ထိ ကုန်ကျနိုင်သလို နည်းပညာတက္ကသိုလ်ဆိုင်ရာ ဘာသာရပ်တွဲများ၊ စက်မှုအင်ဂျင်နီယာဘွဲ့များအတွက်လည်း သိန်းရာပေါင်းများစွာ ကုန်ကျမှ ရရှိမည့်ဘွဲ့များဖြစ်သည်ကိုလည်း တက္ကသိုလ်ဝင်ခွင့် သတ်မှတ်သော တာဝန်ရှိသူများက သတိပြုမိဖို့လိုပါသည်။

### တာဝန်ကျေပွန်ဖို့ လိုအပ်

နိုင်ငံတော်က ကျောင်းသားအတွက် စိုက်ထုတ်ကုန်ကျငွေနှင့် ယင်းကျောင်းသားမှ ဘွဲ့ရပြီး ပြည်သူ့အတွက် ထိုက်သင့်သော အကျိုးပြုမှုရရှိမည့် ကျောင်းသား ကျောင်းသူကိုသာ ရွေးချယ်သင်ကြားခွင့်ပြုသင့်ပါသည်။ ရွေးချယ်မှု မှားယွင်းသောစနစ်ကို ကျင့်သုံးမိပါက မဖော်ပြနိုင်သော ဆုံးရှုံးမှုကို ကြုံတွေ့ရမည်ဖြစ်သည်။ ဆင်းရဲချို့တဲ့သော တိုင်းပြည်အတွက် နိုင်ငံတော်၏ ပေးဆပ်မှုက ကြီးမားခြင်းကို အသိအမှတ်ပြုသင့်သလို၊ နိုင်ငံတော်အတွက် အကျိုးပြုမည့် လူငယ်များအတွက် လမ်းကြောင်းမှန် တက္ကသိုလ်သို့ ရောက်ရှိအောင် ပို့ဆောင်ပေးရမည့် တာဝန်ကို သက်ဆိုင်ရာတက္ကသိုလ်တာဝန်ရှိသူများက ကျေပွန်ဖို့ လိုအပ်ပါသည်။

ကမ္ဘာတစ်ဝန်းရှိ လူငယ်များသည် ကိုယ်ဝါသနာပါရာ ပညာရပ်ကို လွတ်လပ်လွယ်ကူစွာ သင်ယူနိုင်ခွင့်ရှိချိန်တွင် တက္ကသိုလ်ဝင်ခွင့် စုစုပေါင်းရမှတ်ကို မူတည်ပြီး သတ်မှတ်ထားသောတက္ကသိုလ်သာ တက်ရောက်သင်ကြားခွင့်ပြုနေသည့် ပညာရေးစနစ်မှာ စဉ်းစားစရာ ရှိနေပါသည်။ လူငယ်များ၏ ဝါသနာပါမှုကို ကန့်သတ်ချုပ်ချယ်မှု မပြုသင့်ပါ။

တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်း တက်ရောက်ခွင့်ရရန် အင်္ဂလိပ်စာနှင့် ဇီဝဗေဒ နှစ်ဘာသာကို ဝင်ခွင့် စစ်ဆေးသည့်စနစ် ကျင့်သုံးနေသည်မှာ ကြာပြီဖြစ်သလို တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အမှတ်မည်မျှပင် ရစေကာမူ ဝင်ခွင့်စစ်ဆေးသည့် အင်္ဂလိပ်စာ နှင့် ဇီဝဗေဒဘာသာရပ် ရမှတ်သည် သတ်မှတ်သည့် အဆင့်မမီပါက တက်ရောက်ခွင့်ရမည် မဟုတ်ပါ။

ယင်းစနစ်ကျင့်သုံးနေသော တပ်မတော် ဆေးတက္ကသိုလ်မှ ဘွဲ့ရဆရာဝန်များတွင် အထူးကုဆရာဝန်ကြီးများ၊ သမားတော်ဆရာဝန်ကြီးများ Member of Royal Colleges အသိအမှတ်ပြုအဖွဲ့ဝင် ဆရာဝန်ကြီးများ များစွာပေါ်ထွန်းနေခြင်းက ဆေးပညာသင်ကြားရာတွင် လိုအပ်သည့် အခြေခံဘာသာရပ်များ(အင်္ဂလိပ်စာ ၊ ဇီဝဗေဒ) ကို ဝင်ခွင့်ဖြေဆိုရာတွင် ရရှိသော သတ်မှတ်ချက်အမှတ်များနှင့် ဆေးပညာကို စိတ်ဝင်စားခြင်းရှိမှုအပေါ် အခြေခံသည့် ကောင်းမွန်သော စနစ်ကျင့်သုံးခြင်း၏ အဖြေပင်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနက ဖွင့်လှစ်သော ရန်ကုန်ဆေးတက္ကသိုလ် (၁)၊ ရန်ကုန် ဆေးတက္ကသိုလ် (၂)၊ မန္တလေးဆေးတက္ကသိုလ်၊ မကွေးဆေးတက္ကသိုလ်၊ တောင်ကြီး ဆေးတက္ကသိုလ်၊ ရန်ကုန်သွားဆေးတက္ကသိုလ်၊ မန္တလေး သွားဆေးတက္ကသိုလ်များတွင် တက်ရောက်သော ဆေးတက္ကသိုလ်ကျောင်းသားဘဝတွင် သာမန်အဆင့် ဆေးကျောင်းသား ဖြစ်ခဲ့သော်လည်း အနာဂတ်တွင် သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ ဖြစ်ခဲ့သူများ၊ ကျောင်းသားဘဝတွင် စာတော်ခဲ့သော်လည်း ကုသရေးပိုင်းတွင် အားနည်းသူများ ၊ ကျောင်းသားဘဝတွင် စာတော်ခဲ့သလို သမားတော်ဆရာဝန်ကြီးများ၊ အထူးကု ဆရာဝန်ကြီးများ Member of Royal Colleges အသိအမှတ်ပြုအဖွဲ့ဝင် ဆရာဝန်ကြီးများအဖြစ် ကုသရေးတွင် နာမည်ကျော် ဆရာဝန်ကြီး မြောက်မြားစွာ ပေါ်ထွက်ခဲ့သလို ယင်းဖြစ်စဉ်တိုင်းတွင် "ဝါသနာပါမှု" စကားလုံးသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

### ဖြေဆိုရေးစနစ် ပြောင်းလဲသတ်မှတ်ခြင်းကို ကြိုဆို

မြန်မာအဘိဓာန်တွင် ဝါသနာ/ဝါသ့နာ/န - စွဲမြဲနေသော အလေ့အကျင့်။ [ ပါ၊ ဝါသနာ ] ဖော်ပြထားပေရာ ဝါသနာပါမှ ပညာရပ်အပေါ် စိတ်ဝင်စားစွာ စွဲမြဲသော အလေ့အကျင့်ပြုခြင်းများသည် အထူးကုဆရာဝန်ကြီးများ ၊ သမားတော် ဆရာဝန်ကြီးများတိုင်းတွင် ရှိနေသည့် အကျင့်လက္ခဏာအား ငြင်းနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဝါသနာပါသော ကျောင်းသားလူငယ်များအတွက် ဆေးတက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ ဖြေဆိုရေးစနစ် ပြောင်းလဲသတ်မှတ်ခြင်းကို ကြိုဆိုရမည်ဖြစ်သည်။

ပြည်သူများ ကျန်းမာရေးအတွက် ဆေးကုသမှု သွားရောက်ခံယူတတ်သော နိုင်ငံများ၏ ဆေးတက္ကသိုလ်များ တည်ရှိမှုနှင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်ကိုတင်ပြလိုပါသည်။

မလေးရှားနိုင်ငံတွင် စုစုပေါင်း ဆေးတက္ကသိုလ် ၃၂ ကျောင်းရှိသည်။ ယင်းနိုင်ငံတွင် ထိပ်ဆုံးရပ်တည်နေသော Asian Institute of Medicine, Science and Technology သည် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၅၄၀၅ ဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် medical program –23 institutionsရှိပြီး ထိပ်ဆုံးရပ်တည်နေသောကျောင်းမှာ Mahidol Universityဖြစ်ပါသည်။ ယင်းတက္ကသိုလ်၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ ၅၄၉ ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံတွင် Medical College ၅၄၂ ကျောင်းရှိပါသည်။ All India Institute of Medical Science, New Delhi သည် ထိပ်ဆုံးရပ်တည်နေသော တက္ကသိုလ်ဖြစ်ပြီး ယင်းတက္ကသိုလ်၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှာ ၈၇၃ ဖြစ်ပါသည်။ စင်ကာပူနိုင်ငံတွင် ဆေးတက္ကသိုလ် နှစ်ကျောင်းရှိပါသည်။ ယင်းနိုင်ငံတွင် ထိပ်ဆုံးရပ်တည်နေသော ဆေးတက္ကသိုလ်မှာ National University of Singapore – Yong Loo Lin school of medicine ဖြစ်ပြီး ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၈ ရှိပါသည်။

ယင်းနိုင်ငံ ဆေးတက္ကသိုလ်များနှင့် မိမိတို့နိုင်ငံရှိဆေးတက္ကသိုလ်များ ကမ္ဘာ့အဆင့် သတ်မှတ်ချက် ကွာဝေးနေသည်ကို တွေ့ရပေသည်။ ယင်းသို့ အဆင့်သတ်မှတ်ချက် ကွာဝေးရခြင်းများတွင် ယင်းနိုင်ငံခြားဆေးတက္ကသိုလ်များသည် ကမ္ဘာ့နာမည်ကျော် ဆေးတက္ကသိုလ်များမှ သင်ရိုးညွှန်းတမ်း၊ သင်ကြားမှုနည်းစနစ် သင်ကြားရေး ဆရာ ဆရာမများ၊ ဆေးကုသရေးစက်ပစ္စည်းများဖြင့် ယင်းကမ္ဘာ့နာမည်ကျော်ဆေးတက္ကသိုလ်များနှင့် မိမိနိုင်ငံအတွင်းမှာပင် အကျိုးတူပူးပေါင်းဖွင့်လှစ်နေကြခြင်း အချက်တစ်ချက် ပါဝင်နေသည်ကို တွေ့ရှိရပေသည်။

### ကောင်းမွန်သော အဖြေတစ်ခု

ထို့ကြောင့် ဆေးပညာတိုးတက်ဖို့ဆိုလျှင် ပြည်သူများအားကိုးစရာတစ်ခုဖြစ်နေသော ပုဂ္ဂလိကဆေးရုံများ ဖွင့်လှစ်ခွင့်ပြုသလို ပုဂ္ဂလိဆေးတက္ကသိုလ်များကိုလည်း ကမ္ဘာ့နာမည်ကျော် ဆေးတက္ကသိုလ်များနှင့် ပူးပေါင်းဖွင့်လှစ်ခွင့်ပြုနိုင်ရေးကို ဆောင်ရွက်သင့်ပါသည်။ ယင်းပုဂ္ဂလိကဆေးတက္ကသိုလ်ဘွဲ့ရ ဆရာဝန်များအတွက် အလုပ်သင်ဆရာဝန် ဆင်းရန်အတွက်လည်း နိုင်ငံခြားတိုင်းပြည်များတွင် ဖွင့်လှစ်သင်ကြားနေသော ဆေးတက္ကသိုလ်များ၏ နည်းစနစ်များကို အတုယူစေခြင်းဖြင့် ကောင်းမွန်သော အဖြေတစ်ခု လွယ်ကူစွာ ရနိုင်ပေသည်။

ယင်းသို့ ပုဂ္ဂလိက ဆေးတက္ကသိုလ်များ ဖွင့်လှစ်သင်ကြားနိုင်လျှင် နိုင်ငံအတွင်းရှိ ဆေးပညာဝါသနာပါသော လူငယ်များနှင့် နိုင်ငံခြားဆေးတက္ကသိုလ်များတွင် ဆေးပညာဝါသနာပါ၍ မိမိပိုင်ငွေကြေးဖြင့် ဆေးပညာသွားရောက် သင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသလို နိုင်ငံတော်အတွက်လည်း နိုင်ငံခြားသို့ ငွေကြေးစီးဆင်းမှု အထိုက်အလျောက် သက်သာစေမည်ဖြစ်ပါသည်။

ယခုအခါ IT နှင့်ပတ်သက်သော ဘွဲ့များ၊ နည်းပညာဆိုင်ရာ ဘွဲ့များနှင့် စီးပွားရေးနှင့်ပတ်သက်သော ဘွဲ့များကို နိုင်ငံခြားတက္ကသိုလ်များနှင့် ချိတ်ဆက်၍ ယင်းတက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်း၊ သင်ကြားရေးနည်းစနစ်၊ သင်ကြားရေးဆရာများဖြင့် KMD Institution, Auston University, Gusto University, Victoria University college, KBTC University, Info Myanmar University စသည့်ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်ခွင့်ပြုပြီး ပြည်တွင်းမှပင် နိုင်ငံခြားတက္ကသိုလ်ဘွဲ့ယူနိုင်ရေးအတွက် ဖွင့်လှစ်သင်ကြားနေသည်ကို မြင်တွေ့ရခြင်းသည် ပညာရေးလောကတိုးတက်စေခြင်းအတွက် အထောက်အကူရနေသလို ပုဂ္ဂလိကဆေးတက္ကသိုလ်ဖွင့်လှစ်နိုင်ရေးအတွက်လည်း နည်းလမ်းကောင်းများ ရရှိစေမည်ဖြစ်ပါသည်။

ကောင်းမွန်သော ပြောင်းလဲမှုစနစ်များ ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် လက်လှမ်းမီသရွေ့ အကြံပြုရေးသား တင်ပြလိုက်ရပါသည်။ ။

# တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး(သဘောရေးဖြေ)စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၁၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပပြုလုပ်သည့် (၇၄) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး(သဘောရေးဖြေ)စာမေးပွဲကို ဇန်နဝါရီ ၅ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး(သဘောရေးဖြေ)စာမေးပွဲတွင် မူလအဘိဓမ္မကောဝိဒ (အဘိဓမ္မာပထမပိုင်းငါးကျမ်းအောင်) ၁ ပါး၊ ဒီဃနိကာယကောဝိဒ (ပိဋကနှစ်ပုံရေးဖြေအောင်) ၁ ပါး၊ ဝိနယကောဝိဒ(ပိဋကတစ်ပုံရေးဖြေအောင်) ၇ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ (ဝိနည်းရှေ့ပိုင်း ရေးဖြေအောင်) ၁၁ ပါး စုစုပေါင်း အပါး ၂၀ အောင်မြင်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

**(၇၄) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး (သဘောရေးဖြေ)စာမေးပွဲ အောင်စာရင်း**

**အဘိဓမ္မပိဋက၊ အဘိဓမ္မာ(ပထမပိုင်း)ငါးကျမ်း သဘောရေးဖြေအောင် မူလအဘိဓမ္မကောဝိဒ (၁) ပါး**

၁။ ပလ္လင်အမှတ် (၁၃) အရှင်မာနိတ၊ အသက်(၄၃)နှစ်၊ သိက္ခာ(၂၃)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ် ကျောင်းတိုက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ (၁) ပါး**

၁။ ပလ္လင်အမှတ် (၃၇) အရှင်အာစာရာလင်္ကာရ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်း(ဒုတိယပိုင်း) သုံးကျမ်း သဘောရေးဖြေအောင် ဝိနယကောဝိဒ (၇) ပါး**

၁။ ပလ္လင်အမှတ် (၇၀) အရှင်ဝဏ္ဏိတာလင်္ကာရ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၇၂) အရှင်ပါမောက္ခ၊ အသက်(၃၇)နှစ်၊ သိက္ခာ (၁၇)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၈၃) အရှင်ဝိဇ္ဇာနန္ဒာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ (၁၆)ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၈၆) အရှင်တိလောက(ဘုတလင်)၊ အသက်(၃၅)နှစ်၊ သိက္ခာ (၁၄) ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၉၄) အရှင်အနုတ္တရ၊ အသက်(၃၁)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၉၉) အရှင်တိက္ခဉာဏာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ (၉)ဝါ
တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၁၀၀) အရှင်သီလာနန္ဒ (မိတ္ထီလာ)၊ အသက်(၂၉)နှစ်၊ သိက္ခာ (၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာင်မြို့၊ ရှမ်းပြည်နယ် **(အထူးအောင်)**

**ဝိနယပိဋက၊ ဝိနည်း(ပထမပိုင်း) နှစ်ကျမ်း သဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ (၁၁) ပါး**

၁။ ပလ္လင်အမှတ်(၁၆၀ ) အရှင်ပညာသာရာလင်္ကာရ(စစ်ကိုင်း)၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၁၆၁) အရှင်ကေသရ(ရွှေဆိပ်မြေ)၊ အသက်(၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၁၆၂) အရှင်ပဏ္ဍိတဝံသ၊ အသက်(၃၃)နှစ်၊ သိက္ခာ (၁၃)
(တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၁၆၉) အရှင်ဝီရိယာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၁၇၅) အရှင်ကောသလ္လ၊ အသက်(၃၂)နှစ်၊ သိက္ခာ (၁၁)ဝါ
တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး **(အထူးအောင်)**

၆။ ပလ္လင်အမှတ်(၁၇၈) အရှင်အာလောက၊ အသက် (၃၁)နှစ်၊ သိက္ခာ (၁၀) ဝါ
တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၁၇၉) အရှင်ဝိမလာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ (၁၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၁၈၅) အရှင်လာဘသာမီလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၁၈၆) အရှင်ပဏ္ဍိစ္စ၊ အသက်(၂၈)နှစ်၊ သိက္ခာ (၉)ဝါ
ရွှေဥမင်ဓမ္မသုခတောရကျောင်း၊ ကုန်းတလပေါင်းကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၁၉၅) အရှင်ပညာသိရီလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ (၇)ဝါ
သဒ္ဓမ္မပဇ္ဇောတာရုံကျောင်း၊ အောင်ချမ်းသာရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ်(၂၀၀) အရှင်တေဇိန္ဒာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ (၆)ဝါ
သိမ်တောင်ပရိယတ္တိစာသင်တိုက်၊ ချမ်းသာရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

**ဘဒ္ဒန္တပညိဿရာဘိဝံသ**
**(အဘိဓဇမဟာရဋ္ဌဂုရု)**
**ဥက္ကဋ္ဌဆရာတော်**

**ဘဒ္ဒန္တဥ_ယျာဘိဝံသ**
**(အဂ္ဂမဟာပဏ္ဍိတ)**
**အကျိုးတော်ဆောင်ဆရာတော်**

**တိပိဋကဓရ တိပိဋကကောဝိဒသြဝါဒါစရိယအဖွဲ့**

---

❒ *ကျောဖုံးမှ*

လျော့နည်းလာသည့် အခြေအနေနှင့်စပ်လျဉ်း၍ အများပြည်သူသို့ပန်ကြားချက်” ဖြင့် အသိပေးပန်ကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခင်ပန်ကြားစာပါ ရတနာကမ်းလွန် စီမံကိန်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများမှာ ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ မဂ္ဂါဝပ် (၅၄၀)ခန့် ပြန်လည်ထုတ်လုပ်နိုင်ပြီဖြစ်သော်လည်း (၃-၁-၂၀၂၂) ရက်နေ့တွင် (၄)ကြိမ်မြောက် ဖျက်ဆီးခြင်းခံခဲ့ရသော ၂၃၀ ကေဗွီ ဘီလူးချောင်း(၂)-ရွှေမြို့ ဓာတ်အားလိုင်းနှင့် (၁၈-၁၂-၂၀၂၁) ရက်နေ့တွင် (၄)ကြိမ်မြောက် ဖျက်ဆီးခြင်းခံခဲ့ရသော ၂၃၀ ကေဗွီ ဘီလူးချောင်း(၂)-တောင်ငူဓာတ်အားလိုင်းတို့ကို လုံခြုံရေးရယူ၍ ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ (၉-၁-၂၀၂၂) ရက်နေ့ (၂၁:၂၀)နာရီတွင် ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် ဓာတ်အားလိုင်းသည် (၂)ကြိမ်မြောက် တာဝါတိုင်များ ထပ်မံဖျက်ဆီးခံခဲ့ရသဖြင့် ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အား (၂၂၀) မဂ္ဂါဝပ်ခန့်ကို နိုင်ငံတော် ဓာတ်အားစနစ်သို့ ပို့လွှတ်နိုင်ခြင်းမရှိဘဲ ဓာတ်အားပြတ်တောက်လျက်ရှိပါသည်။ ထို့အပြင် ဓာတ်ငွေ့ဈေးနှုန်းမြင့်တက်နေသဖြင့် LNG ဓာတ်အားပေး စက်ရုံများ၏ ထုတ်လုပ်မှု (၇၅၀)မဂ္ဂါဝပ်ခန့်မှာ ရပ်တန့်ထားရခြင်းကြောင့် စုစုပေါင်း ဓာတ်အား (၉၇၀) မဂ္ဂါဝပ်ခန့်မှာ ဆက်လက်လျော့နည်းနေပြီး ဝန်အားထိန်းညှိခြင်းများ ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ လျော့နည်းသွားသော လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု (၉၇၀) မဂ္ဂါဝပ်ခန့်အတွက် ဝန်အားထိန်းညှိမှုအရ အချို့သောနေရာများတွင် ဓာတ်အားသုံးစွဲမှုများပြားသော **နံနက် (၀၇:၀၀) နာရီမှ နေ့လယ် (၁၁:၀၀) နာရီအတွင်းနှင့် ညအချိန် (၁၇:၀၀) နာရီမှ (၁၉:၀၀) နာရီ အချိန်အတွင်း** ဝန်အားလျှော့ချရခြင်းများအား ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် ပြည်သူလူထုအနေဖြင့် အဆင်မပြေမှုများရှိပါက နားလည်ပေးနိုင်ပါရန်နှင့် ပျက်စီးသွားသော တာဝါတိုင်များအား အမြန်ဆုံးပြင်ဆင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို အမြန်ဖြည့်ဆည်းပေးနိုင်ရေးအတွက် စီမံကိန်းသစ်များကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းကို အသိပေးအပ်ပါသည်။ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

# တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၁၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။

မိုး/ဇလ

---



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ

# ပြည်ထောင်စုဝန်ကြီး ဦးတင်ထွင်ဦး ရဲနွယ်ရေလှောင်တမံ ကြံ့ခိုင်ရေးနှင့် သဘာဝဘေးကာကွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၁

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွင်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်ရှိ ကျောင်းစုလျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေချွေတာရေးနှင့် အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးအတွက် ရေစီမံခန့်ခွဲမှုနည်းလမ်းများ၊ သီးနှံပုံစံများဖြန့်ဝေပေးရန်၊ တန်ဖိုးမြင့်သီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရန် လိုအပ်သည့်နည်းပညာနှင့် အကူအညီများပေးအပ်နိုင်ရေးအစီအမံများကို ထိရောက်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။**

စိုက်ပျိုးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် သဘာဝရေအရင်းအမြစ်များကို စရိတ်သက်သာစွာ ရေရှည်အသုံးပြုနိုင်ရေးအတွက် အသုံးပြုလျက်ရှိနေသည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ပြောင်းလဲအသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိရာ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း မြစ်ရေတင်စီမံကိန်း ခုနစ်ခု၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးရှိ ကျောင်းစုလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ မကွေးတိုင်းဒေသကြီးရှိ ကမ်းနီနှင့် ကံမလေးလျှပ်စစ်မြစ်ရေတင် စီမံကိန်းများ၌ ဆိုလာစနစ်ဖြင့် ပြောင်းလဲအသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ လက်ပံခြေပေါ်နှင့် ငါ့သရောက်၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ပျော့ရွာ အပိုင်း-၂(PS-II) ၊ အပိုင်း-၃(PS-III) နှင့် ကတ-၉၂ တို့မှာ ဖေဖော်ဝါရီလတွင် လုပ်ငန်းများပြီးစီးမည်ဖြစ်ကြောင်း၊ ကျန်မြစ်ရေတင်စီမံကိန်းများတွင်လည်း ဆိုလာစနစ်ဖြင့် ပြောင်းလဲအသုံးပြုနိုင်ရေးကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး ရဲနွယ်ချောင်းပေါ်တွင် တည်ဆောက်ထားသော ရဲနွယ်ရေလှောင်တမံ၏ ကြံ့ခိုင်ရေးနှင့်



သဘာဝဘေးကာကွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက တာချီလိတ်မြို့နယ် ဝမ်ပုံဆိပ်ကမ်းသို့ သွားရောက်ကြပြီး ဝမ်ပုံဆိပ်ကမ်းဒေသဖွံ့ဖြိုးရေးနှင့် မြေနေရာရရှိနိုင်မှုအခြေအနေ၊ အိမ်နီးချင်းနိုင်ငံမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ထွက်ကုန်များ ဝင်ထွက်ရာတွင် တည်ဆဲဥပဒေများနှင့်အညီဖြစ်စေရေး၊ သီးနှံဆိုင်ရာပိုးမွှားရောဂါနှင့် တိရစ္ဆာန်ကူးစက်ရောဂါများတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့နီတိနှင့် ကျင့်ဝတ်များ ခေါင်းစဉ်ဖြင့်ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့နီတိနှင့် ကျင့်ဝတ်များ "Civics vs Ethics : Sustainable Tourism Development For Myanmar" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။





အလုပ်ရုံ ဆွေးနွေးပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ပြည်သူ့နီတိသည် ပြည်သူပြည်သားများ အကျိုးစီးပွား တိုးတက်စေရန် နိုင်ငံသားတိုင်း စောင့်ထိန်းရမည်တို့ကို လမ်းညွှန်ထားခြင်းဖြစ်ပါကြောင်း၊ ကိုယ်ကျင့်တရားဆိုင်ရာ မှန်ကန်သောအသိ၊ အပြုအမူများကို စနစ်တကျ ဝေဖန်ပိုင်းခြားကျင့်သုံးတတ်ရန်၊ လူ့အခွင့်အရေးများကို တန်ဖိုးထားလေးစားပြီး နိုင်ငံသားတစ်ဦး၏ တာဝန်ဝတ္တရားများကို လိုက်နာကျင့်သုံးတတ်ရန်၊ နိုင်ငံ့သားကောင်းအဖြစ် သာမက ကမ္ဘာ့နိုင်ငံသားတစ်ဦးအဖြစ် တန်ဖိုးထားပြုမူနေထိုင်တတ်ရန်ဖြစ်ပါကြောင်း၊ ပြည်သူ့နီတိတွင် လူမှုကျင့်ဝတ်နယ်ပယ်၊ အခွင့်အရေးနှင့် တာဝန်နယ်ပယ်၊ စည်းကမ်းနှင့် ဥပဒေနယ်ပယ်နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်း နယ်ပယ်ဟူ၍ နယ်ပယ် (၄) ရပ်ရှိပါကြောင်း။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကလည်း ဒေသခံများအတွက် အကျိုးကျေးဇူး အများဆုံးရရှိစေပြီး ခရီးသွားလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု အမွေအနှစ်များအပေါ် သက်ရောက်စေမည့် ဆိုးကျိုးများကို လျှော့ချရန်နှင့် ကမ္ဘာ့နိုင်ငံအားလုံးအကြား စီးပွားရေး သာယာဝပြောရေး၊ ငြိမ်းချမ်းရေးနှင့် နားလည်မှုတို့ကို ချဲ့ထွင်နိုင်ရန် ရည်ရွယ်ပြီး **"ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းကျင့်ဝတ်များ"** (Global Code of Ethics for Tourism) ကို ချမှတ်ရေးဆွဲထားပါကြောင်း၊ ခရီးသွားကဏ္ဍတွင် ပါဝင်ဆောင်ရွက်ကြသူများ၏ တာဝန်ရှိမှု၊ တာဝန်သိမှုသည်လည်း ခရီးသွားလုပ်ငန်းရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်သူ့နီတိအကြောင်း သိကောင်းစရာများ၊ ခရီးသွားကျင့်ဝတ်များ၊ ခရီးသွားလုပ်ငန်း နယ်ပယ်ရှိ စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များ၊ လူ့အဖွဲ့အစည်းနှင့် ပရဟိတ စသော ခေါင်းစဉ်အသီးသီးကို သေချာစွာ ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းက အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဝါဝါမောင်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇေယျာထွန်းတို့က Keynote Speaker များအဖြစ် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်သူ့နီတိဆိုင်ရာ ပညာပေးခြင်း၊ ခရီးသွားဧည့်သည်များ၏ ကျင့်ဝတ်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းအဖွဲ့အစည်းများ၏ကျင့်ဝတ်များ၊ ဒေသခံပြည်သူများနှင့် စေတနာ့ဝန်ထမ်းများ၏ ကျင့်ဝတ်များစသည့် ခေါင်းစဉ်များဖြင့် အဖွဲ့လေးဖွဲ့ခွဲ၍ ဆွေးနွေးခဲ့ကြပြီး အဖွဲ့ကိုယ်စားလှယ်များက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် စကားဝိုင်းဆွေးနွေးမှုများ ပြုလုပ်သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ၏ သဘာပတိ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးက အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့်ရလဒ်များကို အကျဉ်းချုပ် ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြသူများနှင့် အဖွဲ့လိုက် ကိုယ်စားပြုသူများကို ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- *ကျောဖုံးမှ*

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာ၍ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ခါတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း ရောဂါပိုးတွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာ (၄)ခုအား (၉-၁-၂၀၂၂)ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇ စစ်ဆေးခြင်းကို အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁,၀၀၀)တွင် ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးကို ဓာတ်ခွဲနမူနာ (၃)ခုတွင် တွေ့ရှိရပါသည်။

၃။ အဆိုပါအိုမီခရွန်ရောဂါပိုးတွေ့ရှိသူ မြန်မာနိုင်ငံသား (၃)ဦးမှာ Relief Flight များဖြင့် အိန္ဒိယနိုင်ငံမှ ဝင်ရောက်လာသူများဖြစ်ပါသည်။

၄။ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူများအား သတ်မှတ်ဆေးရုံကြီးများတွင် သီးသန့်ထားရှိကာ ကုသစောင့်ရှောက်မှုများဆောင်ရွက်လျက်ရှိပြီး ၎င်းသူတို့နှင့်လေကြောင်းခရီးစဉ်တွင် အတူလိုက်ပါလာသည့် ခရီးသည်များအားလည်း အသွားအလာကန့်သတ်ခြင်း (Strict Quarantine) နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများအား အထူးအားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုးစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဘီးလင်း၌ ပထမနှစ်စက်ဝန်း မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေး

**ဘီးလင်း ဇန်နဝါရီ ၁၁**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်မှ မြစိမ်းရောင် ကျေးရွာစီမံကိန်း စတင် အကောင်အထည်ဖော် ဆောင်ရွက်သည့် ရွာတန်းရှည်ကျေးရွာ၌ ပထမနှစ်စက်ဝန်း မြစိမ်းရောင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ဇန်နဝါရီလ ပထမပတ်နှင့် ဒုတိယပတ်တို့တွင် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျေးရွာသို့ မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့သည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဘေးအန္တရာယ် ကင်းရှင်းစေရန် ကျန်းမာရေး အသိပညာပေး လမ်းညွှန်ချက်များနှင့်အညီ အသင်းသားများအား အိမ်တိုင်ရာရောက် သွားရောက်ထုတ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ပေးရာတွင် ဘီးလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရှိ စိုက်ပျိုးရေးလုပ်ကိုင်သူ ၃၁ ဦး ၊ မွေးမြူရေးလုပ်ကိုင်သူ ၃၅ ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ၂၁ ဦး၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ လေးဦး စုစုပေါင်းအသင်းသား ၉၅ ဦးတို့အား ငွေကျပ် ၂၉၄၀၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သစ်ပင်စိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းဖြေ၏**

# PDF အမည်ခံအကြမ်းဖက်သမားများက မြဝတီမြို့မှ မန္တလေးမြို့သို့ Argon Gas အရည်များ သယ်ဆောင်လာသည့် မော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်




Argon Gas တင်ဆောင်သည့်ယာဉ် အပစ်ခံရမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇန်နဝါရီ ၁၁**

ကရင်ပြည်နယ် မြဝတီမြို့မှ မန္တလေးမြို့သို့ ပို့ဆောင်ရန် Argon Gas အရည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်အား ယနေ့ညနေပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မြဝတီမြို့မှ မန္တလေးမြို့သို့ပို့ဆောင်ရန် ထွက်ခွာလာသည့် ဦးထွန်းမင်းဦး (ဘ) ဦးကိုမြင့် မောင်းနှင်ပြီး ရဲထူးအောင် (ဘ) ဦးဝင်းထူး လိုက်ပါလာသော Argon Gas အရည် ၁၉ တန် သယ်ဆောင်လာသည့် မော်တော်ယာဉ်သည် ယနေ့ညနေ ၄ နာရီ ခွဲတွင် ကော့ကရိတ်မြို့နယ် တတန်ကူးကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၃၀၀၀ ခန့်သို့ ရောက်ရှိစဉ် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် မော်တော်ယာဉ်လေကာမှန်နှင့် ကားဘီးများ လက်နက်ငယ်ကျည် ထိမှန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်လုပ်ရပ် ကျူးလွန်ခဲ့သူများ အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

စည်သူအောင် (ဘ)ဦးဆန်းညွန့်ဦး ဖြစ်ကြောင်း သိရှိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းချက်များအရ ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် အရာတော်မြို့နယ် ငွေတွင်း ကျေးရွာနေ ဦးလွှမ်းမိုး (ဘ) ဦးရွှေသိန်း အပါအဝင် အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦးတို့သည် အာကာမင်း (ဘ) ဦးဇော်လွင် မောင်းနှင်သည့် Light Truck အမျိုးအစား အဖြူရောင် မော်တော်ယာဉ်ဖြင့် မန္တလေးမြို့သို့ ကွမ်းရွက်ခြင်းများ သွားရောက်ရောင်းချခဲ့ကြောင်း၊ ထိုသို့ရောင်းချပြီးနေရပ်သို့ပြန်လာစဉ် ညနေ ၅ နာရီခွဲခန့်တွင် ဝက်လက်မြို့နယ် ရွှေပန်းကုံးကျေးရွာနှင့် သမရိုး ကျေးရွာကြားရှိ ဒေသအခေါ် တစ်ဝက်မန်ကျည်းပင်တံတားသို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလုပ် ဆွဲမိုင်းဖြင့် မိုင်းဆွဲတိုက်ခိုက်ပြီး ယာဉ်ရပ်တန့်စေခဲ့ကြောင်း၊ ထို့နောက် ယာဉ်ပေါ်ပါ ကျေးရွာသူ၊ ကျေးရွာသားများကို ယာဉ်ပေါ်မှ ဆင်းခိုင်းကာ သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီး ကွမ်းရောင်းရငွေကျပ်သိန်း ၁၀၀ ခန့်ကို ယူဆောင်၍ ထွက်ခွာသွားခဲ့ကြောင်း၊ ထိုသို့ ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သတင်းများ ကြားသိရသဖြင့် ယာဉ်ပေါ်တွင် လိုက်ပါသွားသည့် စည်သူအောင်၏ မိခင်ဖြစ်သူ ဒေါ်နွယ်သည် ရွှေပန်းကုံးကျေးရွာ လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်ဖြင့် ဖြစ်စဉ်နေရာသို့ သွားရောက်ခဲ့ရာ စည်သူအောင်ကို သေနတ်ဒဏ်ရာများဖြင့် လဲကျနေသည်ကို တွေ့ရှိရပြီး အနီးဝန်းကျင်တွင် ယာဉ်ပေါ်လိုက်ပါလာသော အမျိုးသား လေးဦး၊ အမျိုးသမီး တစ်ဦး ပေါင်းငါးဦးတို့ သေဆုံးလျက်တွေ့ရှိရကာ Light Truck မော်တော်ယာဉ်နှင့် ယာဉ်မောင်းဖြစ်သူ အာကာမင်းကို တွေ့ရှိရခြင်း မရှိကြောင်း။ စည်သူအောင်ကို ဝက်လက်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ရန် ခေါ်ဆောင်လာစဉ် လမ်းခုလတ်၌ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း။

ယာဉ်မောင်းဖြစ်သူ အာကာမင်းသည် ဝဲဘက်လက်မောင်းနှင့် လက်ဖျံတို့တွင် သေနတ်ထိမှန်ဒဏ်ရာများဖြင့် ည ၇ နာရီခွဲခန့်တွင် အရာတော်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာခဲ့ပြီး ၎င်း၏ ပြောပြချက်အရ PDF အမည်ခံ အကြမ်းဖက်သမားများ ထွက်ခွာသွားချိန်တွင် မော်တော်ယာဉ်ဖြင့် မောင်းနှင် ထွက်ပြေးခဲ့ကြောင်းနှင့် အရာတော်မြို့ ကူးတို့ကိုင်း ကျေးရွာမှတစ်ဆင့် ဆေးရုံသို့ ရောက်ရှိဆေးကုသမှု ခံယူခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် သေဆုံးခဲ့ရသူများနှင့် ပတ်သက်၍ သေမှုသေခင်း ဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သူများနှင့် ပါဝင်ပတ်သက်သူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။




မန္တလေးမြို့တွင် ကွမ်းရွက်ရောင်းပြီး နေရပ်သို့ပြန်လာသည့် ရိုးသားစွာလုပ်ကိုင်စားသောက်သူ ဒေသခံများအား PDF အမည်ခံ အကြမ်းဖက်သမားများက လမ်းခုလတ်တွင် သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်၍ ငွေကျပ်သိန်း ၁၀၀ ခန့်ယူဆောင်ထွက်ပြေးသည့် ဖြစ်စဉ်နေရာပြပုံ။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်၍ အဖျက်အမှောင့် လုပ်ငန်းမျိုးစုံကို လုပ်ဆောင်လျက် ရှိသည့်အပြင် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်တို့ကို ပျက်စီးစေရန်အတွက်လည်း မိုင်းထောင်ဖောက်ခွဲခြင်း၊ ခြိမ်းခြောက်လုယက်သတ်ဖြတ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်နေမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်နိုင်မှုမရှိသည်အထိ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

---

■*ကျောဖုံးမှ*

ယာခင်းစပ်၊ ထန်းတောတန်းများရှိ ထန်းပင်များပေါ်တွင် ထန်းမျှော်စင် (ထန်းလင့်စင်)များ ဆောက်လုပ်လာခဲ့ကြောင်း ဆက်လက်ပြောပြသည်။

ထိုထန်းတဲများတွင် ဈေးကွက်အရဝန်ဆောင်မှုအဖြစ် ထန်းပင်ထွက်ပစ္စည်းများရောင်းချပေးခြင်း၊ အညာဒေသ ထန်းတောင်သူတို့၏ လုပ်ငန်းဖြစ်သည့် ထန်းပင်တက် ထန်းလှီးပြသပေးခြင်း၊ နွားဖြင့် ဆီဆုံလှည့်ဆီကြိတ်ပြသပေးခြင်း၊ ထန်းလျက်ချက်လုပ်ပုံအဆင့်ဆင့် ထန်းပင်မှ ထန်းရည်ချိုချလာပြီး ထန်းဆွဲမြူအိုးထဲမှ ဆိုင်းထမ်းပုံးထဲထည့်ချိန် ထန်းဆစ်ကြောဖြင့် အမှိုက်စစ်ပုံ၊ ထန်းလျက်ချက်ဖိုပေါ်ရှိ မိုးဖြဲဒယ်ထဲထည့်ပုံနှင့် ထန်းရည်ချို ထန်းလျက်ချက်နေချိန် မီးထိုးနေပုံမှအစ ထန်းလျက်ချက်ပြီး ထန်းလျက်လုံးပြီးသည်အထိပြသခြင်းများ၊ ထန်းလက်ကုလားထိုင်၊ ထန်းလက်စားပွဲ၊ နွားစွပ်ခြင်းများ ပြသပေးနိုင်ရန်အထိ ပြင်ဆင်ထားရှိကြကာ ပြည်တွင်းခရီးသွားများအားဆွဲဆောင်နိုင်ရန် ပြုလုပ်လာကြကြောင်း ဦးဗညားက ရှင်းပြသည်။

ပုဂံ-ညောင်ဦး-ကျောက်ပန်းတောင်းကားလမ်းဘေးရှိ ထန်းတော၊ ထန်းတဲ၊ ထန်းလျက်ချက်ဖို ၊ ထန်းရည်ချို၊ ထန်းရည်ခါး၊ ထန်းလျက်ဖြင့် အရက်ချက်လုပ်ပုံများကို ပြည်ပနိုင်ငံသားများ စိတ်ဝင်စားကြကြောင်း သိရပြီး ပြည်တွင်းဘုရားဖူးဧည့်သည်များသည် ထန်းလင့်စင်ခေါ် ထန်းမျှော်စင်ပေါ်တွင် အလှဓာတ်ပုံရိုက်ကြခြင်း၊ ထန်းတဲများမှရောင်းချသည့် အစားအစာများ မှာယူစားကြခြင်းနှင့် ထန်းရည်ခါး၊ ထန်းရည်ချိုသောက်ခြင်းများဖြင့် ထန်းမျှော်စင်(လင့်စင်)များ ဆောက်လုပ်ကာ ပြည်တွင်းခရီးသွားများအား ဆွဲဆောင်လာကြကြောင်း သိရသည်။

ထန်းလျက်ဖြင့်ရောကာ ချက်လုပ်ထားသည့် အုန်းထန်းလျက်၊ ဆီးထန်းလျက် ၊ နှမ်းထန်းလျက်(နှမ်းယို)၊ မြေပဲထန်းလျက် (မြေပဲယို)၊ ချင်းထန်းလျက်တို့ပြုလုပ်ကြပြီး ပြည်ပနိုင်ငံသားများ ချင်းထန်းလျက်အကြိုက်ဆုံးနှင့် အခါကြီးရက်ကြီး ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များနှင့် ပုဂံသမိုင်းဝင်ဘုရားကြီးပွဲတော်များတွင် အုန်းထန်းလျက်ကို ပြည်တွင်းခရီးသွားများ ဝယ်ယူမှုများပြားကာ တစ်ရက်လျှင် အုန်းသီးလုံးရေ ၇၀၀ ကျော်ကုန်သည်အထိ အုန်းထန်းလျက်ရောင်းချရကြောင်း ပိုင်ထန်းတဲပိုင်ရှင်က ပြောပြ၍သိရပြီး ယခုအခါ ထန်းတောင်သူများ ပြည်တွင်းဘုရားဖူးများအား ဆွဲဆောင်နိုင်မည့် ထန်းမျှော်စင် (ထန်းလင့်စင်)များ ဖန်တီးတည်ဆောက်ကာ ထန်းထွက်ပစ္စည်းအမျိုးမျိုး ရောင်းချလျက်ရှိနေပြီဖြစ်သည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# အပ်ဖျားရေစက်

တောသားလေး

**စည်းကမ်းလိုက်နာ**

၂၀၁၉ ခုနှစ်က စတင်ကူးစက်ပျံ့နှံ့လာတဲ့ ကိုဗစ် – ၁၉ ကပ်ရောဂါ ဘေးဆိုးကြီးဟာ ကမ္ဘာပေါ်ရှိ နိုင်ငံများစွာမှာ လျင်မြန်စွာဖြစ်ပွားပြီး လူသား သန်း ၃၀၀ ခန့်ကို ရောဂါရစေတယ်။ အသေအပျောက်တွေလည်း ကြောက်ခမန်းလိလိ များပြားခဲ့တယ်။

မြန်မာနိုင်ငံမှာလည်း ကမ္ဘာ့နိုင်ငံအချို့မှာ စတင်ဖြစ်ပွားစဉ်ကပင် ဒီရောဂါဟာ ပေါ့ဆလို့မရဘူး။ စနစ်တကျ စည်းကမ်းလိုက်နာပြီး ကျန်းမာရေးသတိရှိရှိ ကြိုတင်ကာကွယ်ခြင်း၊



ဗိုလ်တိုသျှဘားမား ဦးညွန့်

ကာကွယ်တဲ့ နှာခေါင်းစည်းတပ်ခြင်း၊ လူစုလူဝေးကို ရှောင်ကြဉ်ခြင်း၊ လူစုလူအုပ်စုရုံးများ မပြုလုပ်ခြင်း၊ မကြာခဏလက်ကို ဆပ်ပြာနဲ့ ဆေးကြောခြင်း၊ တစ်ယောက်နဲ့ တစ်ယောက် ခြောက်ပေအကွာထက် ပိုပြီးမကပ်ခြင်း စတဲ့ စည်းကမ်းတွေကို လိုက်နာကြတဲ့ အရပ်ဒေသတွေမှာ ရောဂါဖြစ်တာနည်းတယ်၊ သက်သာတယ်၊ အသေအကျေ နည်းတယ်။

ကူးစက်မြန်ကပ်ရောဂါ ဘေးဆိုးကြီးဟာ သဘာဝအလျောက် ပေါ်ပေါက်လာတာလား၊ လူသားတွေ စမ်းသပ်ဖန်တီးပြီး ခါတ်ခွဲခန်းတစ်ခုခုက လျှို့ဝှက်ထုတ်လုပ်လိုက်တာပေလား။ အဖြေကတော့ ခက်ခဲသိမ်မွေ့တဲ့ သိပ္ပံဆန်းကြယ်ပဟေဠိတစ်ပုဒ်ပါပဲ။ သုတေသန ရှာဖွေလေ့လာချက်အရ တိကျတဲ့ အဖြေတစ်ခုခုတော့ တစ်နေ့နေ့မှာ ခိုင်ခိုင်မာမာ ပေါ်ပေါက်တွေ့ရှိလာမှာပါ။ အဖြေမတွေ့တဲ့ ပုစ္ဆာမရှိပါ။

စည်းကမ်းလိုက်နာမှု အားနည်းရင် ဆင်းရဲချမ်းသာမရွေး၊ လူမျိုးမရွေး ကိုဗစ်–၁၉ ကူးစက်မြန်ကပ်ရောဂါ မျိုးကွဲအမျိုးမျိုး ဒယ်လ်တာ၊ အိုမီခရွန် စတဲ့ မမြင်ရတဲ့ ပိုးတွေဟာ နိုင်ငံပေါင်းများစွာကို ပျံ့နှံ့နေဆဲပါ။ ကံကောင်းတာက ကာကွယ်ဆေးကို တရုတ်၊ အိန္ဒိယနိုင်ငံတွေက ဖော်စပ်ထုတ်လုပ်နိုင်ကြပါတယ်။ မြန်မာပြည်ကို ရောင်းပေးတယ်။ အမေရိကန်ကတော့ ရောင်းလည်း မရောင်းဘူး။ လှူမယ်၊ ပေးမယ် ပြောပေမယ့် ကိုဗစ် ကာကွယ်ဆေး တစ်လုံးလေးတောင် မရောင်းခဲ့သေးပါဘူး။ ရှိစေ….

ဘယ်သူတွေဟာ မိတ်ဆွေကောင်းလဲ။

ဘယ်သူတွေကတော့ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးကို ဘေးဒုက္ခအမျိုးမျိုး၊ ကပ်ဆိုးရောဂါဆိုး ပျံ့နှံ့ကူးစက် သေကျေပျက်စီးစေချင်နေတာလဲ။ လက်တွေ့ထင်ထင်ရှားရှား ခွဲခြားပြီး သိရ မြင်ရတာက အမြတ်ပဲပေါ့။ အင်္ဂလန်တို့၊ ဥရောပတို့၊ အမေရိကန်တို့မှာလည်း ကပ်ရောဂါကူးစက်ပျံ့နှံ့မှုက သိသိသာသာ မကျသေးဘူး။ အခြေအနေဆိုးနေဆဲပဲ။

**ဘေးကင်းကွာ**

မြန်မာနိုင်ငံမှာတော့ ပြည်သူတစ်ရပ်



ပဲရော့ ဦးဆန်နီ

လုံးနဲ့ နိုင်ငံတော်အစိုးရက ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးစည်းကမ်းတွေကို တတ်နိုင်သမျှ မပေါ့မဆ ကြိုးကြိုးစားစား လိုက်နာကာကွယ်ခဲ့ကြတဲ့အတွက် လက်ရှိ အခြေအနေမှာ အထိုက်အလျောက် တားဆီးတွန်းလှန်နိုင်နေပါတယ်။ စည်းကမ်းတကျ စည်းလုံးကြတာရဲ့ အကျိုး။

ဒါကြောင့် ပညာရေး မနှောင့်နှေးရလေအောင် တက္ကသိုလ်၊ ကောလိပ်တွေလည်း ကိုဗစ်စည်းကမ်းချက်တွေနဲ့အညီ ကြပ်မတ်လိုက်နာပြီး ဖွင့်ကြပေတော့မယ်။

**ပညာရေး**

အခြေခံပညာ ကျောင်းတွေလည်း ပညာသင်မပျက် ဆက်လက်ဖွင့်လှစ် သင်ကြားနေကြတယ်။ အန္တရာယ်ရှိလောက်အောင် ရောဂါတွေ့ရှိမှုများတဲ့ မြို့နယ်အချို့ကို ခွင်းချက်အနေနဲ့ ပိတ်ထားရဆဲတော့ရှိသပေါ့။ တစ်နိုင်ငံလုံးက ကျောင်းအားလုံးကိုတော့ ကလေးတွေ ပညာရေးမနှောင့်နှေး မပျက်ပြားရစေဖို့ ကြိုးစားပြီး ဖွင့်ကြရတယ်။ ပညာရေးဟာ နိုင်ငံနဲ့လူမျိုးရဲ့ အနာဂတ် အကောင်း အဆိုး၊ အနိမ့်အမြင့်၊ အတက်အကျကို အဓိကကျတဲ့ အခြေခံအရင်းအမြစ်ဖြစ်လို့ နိုင်ငံတော်အစိုးရက အထူးပဲအလေးထား အာရုံစိုက်ပြီး ဦးစားပေးနေတယ်။

အထူးသဖြင့် တက္ကသိုလ်၊ ကောလိပ်၊ အထက်တန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်တွေဟာ အနာဂတ်ကို တည်ဆောက်ဖန်တီးကြမယ့် တိုင်းပြည်ရဲ့ မျိုးဆက်သစ်တွေပဲမဟုတ်လား။ သူတို့လေးတွေဟာ အညွန့်အဖူးလေးတွေပဲ။ သူတို့အတွက်

ရည်ရွယ်ပြီး တိုတိုကျဉ်းကျဉ်း စကားငါးခွန်းလောက် မျှဝေလက်ဆင့်ကမ်းချင်ပါတယ်။

မိဘတွေ၊ ဆရာ ဆရာမတွေ ဖတ်မိလို့ သိရရင် မိမိသားသမီးလေးတွေ၊ တပည့်တပန်း ကျောင်းသားလေးတွေ (ကျောင်းသူတွေလည်း ပါတာပေါ့ကွယ်) အားလုံးက ကြားကြမြင်ကြစေချင်ပါတယ်။

**လက်ဆင့်ကမ်း**

စာရေးသူက မြန်မာပြည်က ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီပိုင်ရှင် သူဌေး ဦးညွန့်၊ ပဲရော့ကုမ္ပဏီသူဌေး ဦးဆန်နီ၊



ပခုက္ကူ ဦးအုံးဖေ

ပခုက္ကူမြို့မှ စာပေဆုတည်ထောင်ပေးသွားခဲ့သူ ပခုက္ကူ ဦးအုံးဖေ၊ ကျိုင်းတုံမြို့မှ နောင်တုံကုမ္ပဏီပိုင်ရှင် ဦးစိုင်းတစ်အောင်၊ မန္တလေးမြို့မှ ဆေးရုံကြီး လူနာဆောင်များ၊ ခါတ်လှေကား၊ ဆေးဝါးစသည်တို့ကို လှူဒါန်းပါဝင်တဲ့ ယူဒီ ဦးခင်မောင်ဝင်း၊ အောင်သမာဓိ ဦးအောင် (ခ) ဦးအောင်ဆန်းဝင်းတို့ရဲ့ ကြိုးစားအောင်မြင်မှုတွေ အကြောင်း ရေးခဲ့ဖူးတယ်။ အားကျလောက်တဲ့ ပုဂ္ဂိုလ်တွေပေါ့။

ဖတ်ရမှတ်ရသမျှ ကတ်စထရို၊ မာရှယ်တီးတိုး၊ ချေဂွေဗာရား၊ ဟိုချီမင်း၊ မော်စီတုံး၊ ဟိုဆေးရီဇော်၊ လင်ကွန်း၊ အဗ္ဗဒူကာလမ်၊ နရိန္ဒြာမူဒီ၊ လီကွာရှင်း၊ ဂျက်မား စတဲ့ပုဂ္ဂိုလ်တွေရဲ့ အားထုတ်ကြိုးစားပုံတွေကိုလည်း ရေးလည်းရေးတယ်။ စာပေဟောပြောပွဲတွေမှာလည်း ဟောပြောလေ့ရှိခဲ့တယ်။

**အသိမျှဝေ**

လူငယ်လူရွယ်အညွန့်အဖူးလေးတွေဟာ အမြင်ကျဉ်းပြီး အသိခေါင်းပါးရင်

ကြိုးစားချင်စိတ် မထက်သန်ဘူး။ ပညာလိုလားတဲ့ ကြိုးစားလိုစိတ်ဟာ ပညာရကြောင်း တရားမှာ အဓိကအခြေခံအကျဆုံး ဖြစ်တယ်လို့ အာဠာဝက နတ်ဘီလူးကြီးကမေးလို့ မြတ်စွာဘုရားက ဖြေကြားခဲ့တာ(အာဠာဝကသုတ္တံဆိုတာ သားတို့သမီးတို့ ရှာဖွေလေ့လာကြည့်ကြပါ)။ အောင်ခြင်းရှစ်ပါးထဲက စိတ်ဝင်စားစရာကောင်းလှတဲ့ အာဠာဝက ချွတ်ခန်းမှာ အဲဒီအမေးအဖြေ ၁၃ ချက်ဟာ ဘဝတစ်သက်တာ မှတ်သားထိုက်တဲ့ မြတ်စွာဘုရားရဲ့ လမ်းညွှန်တရားတော်တစ်ပုဒ်ပါပဲ။



ယူဒီ ဦးခင်မောင်ဝင်း

သူများတွေ ဘာကြောင့် အောင်မြင်သလဲ။

ကိုယ့်ဘဝမှာ သူနဲ့ထပ်တူကျအောင် ပုံတူကူးလို့ မရပေမယ့် သူတို့သိတဲ့၊ သူတို့သုံးတဲ့ နည်းလမ်းဗျူဟာ နည်းနာနိဿယတွေကတော့ သိရရင် ကောင်းတာပေါ့။ မသိရင် ခက်တယ်၊ သိရင်လွယ်တယ်။ အတဲ့၊ နုံတဲ့လူစားတွေက သူတို့ကိုယ်တိုင် တွေ့ကြုံရတဲ့ ဘဝသင်ခန်းစာတွေမှ တစ်ဆင့် သင်ယူကြတယ်။ ကျွန်ုပ်ကတော့ သူများတွေရဲ့ ဘဝအတွေ့အကြုံတွေ(စာအုပ်စာပေကရနိုင်တဲ့) သင်ခန်းစာတွေကနေ လေ့လာဆည်းပူးပါတယ်လို့ တစ်ခါက ဂျာမန်နန်းရင်းဝန်ဖြစ်ခဲ့တဲ့ ဗွန်ဘစ်စမတ်ဆိုတဲ့ ဥရောပခေါင်းဆောင်တစ်ဦး ရေးခဲ့ဖူးတယ်။

ဟုတ်တာပေါ့။ လူ့ဘဝဆိုတာ တိုတိုလေးပဲ။

အသက်ရှစ်ဆယ်၊ တစ်ရာအတွင်း ကိုယ့်ဘဝတစ်လျှောက် တွေ့သလောက်၊ မြင်သလောက် လုံလောက်ပြီထင်နေရင် ဒီလူဟာ လူညံ့ဖြစ်ပေမှာပေါ့။ ကျောင်းပညာ သင်သင်၊ မသင်သင်၊ စာအုပ်စာပေပေါင်းများစွာကို ဖတ်ရှုလေ့လာမှတ်သားရင် သူက ဗိုလ်ချုပ်အောင်ဆန်းနဲ့လည်း အနီးကပ်ရင်းနှီးနိုင်တာပဲ။ ဟိုချီမင်း၊ မော်စီတုံး၊ ကတ်စထရို၊ အေဘရာဟမ်လင်ကွန်း၊ ကွန်ဖျူးရှပ်စ်၊ ဂေါတမဗုဒ္ဓ စသည် စသည် သိရှိနိုင်တယ်နော။

ရှေးက ရှေ့က ဟောကြားပြောပြခဲ့တာတွေကို လေ့လာမှတ်သားရင် လူတော် လူချွန် လူမွန်တစ်ယောက် (လမ်းလွဲလမ်းချော်တွေ ကွေ့ကွေ့ကောက်ကောက် အချိန်မကုန်တော့ဘဲ) လွယ်လွယ်ကူကူနဲ့ ဖြစ်နိုင်ပေတာပေါ့။ စာဖတ်တဲ့သူတွေကတော့ ဗဟုသုတပြည့်ဝစမြဲပဲ။ ခေါင်းဆောင်ဟူသမျှက စာပေကို တော်တော်များများ လေ့လာဖတ်ရှုခဲ့ကြသူတွေပါပဲ။

**သူဘယ်သူလဲ**

ဒီနေရာမှာ မောင်တို့မယ်တို့ကို အယ်လွန်မက်စ်ဆိုတဲ့ လူတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ၂၀၂၁ မှာ ကမ္ဘာ့အထူးခြား အထင်ရှားဆုံးပုဂ္ဂိုလ်လို့ တိုင်းမ်မဂ္ဂဇင်းက ရွေးချယ်သတ်မှတ်ပြီး မျက်နှာဖုံးမှာ သူ့ပုံကို ဖော်ပြခဲ့ပါတယ်။

သူက ဘယ်သူလဲ။ အချိန်ကို ငဲ့သောအားဖြင့် မောင်တို့မယ်တို့ ကိုယ်တိုင် သတင်းစာ၊ ဂျာနယ်၊ လက်ကိုင်ဖုန်းထဲက ဂူဂဲလ် စတဲ့ စာမျက်နှာတွေမှာ ဆက်လက်ဖတ်ရှုလေ့လာ ကြည့်လိုက်ပါလို့ တိုက်တွန်းပါတယ်။

**သူလိုလူစား**

ကမ္ဘာပေါ်မှာ ၂၀၂၁ ခုနှစ်အတွင်း ဝင်ငွေအကျိုးအမြတ် အများဆုံးရအောင် စွမ်းဆောင်နိုင်တဲ့ သန်းကြွယ်သူဌေးကြီးတစ်ယောက်ပေါ့။ အသက်လည်း သိပ်မကြီးလှသေးပါဘူး။ သန်းကြွယ်သူဌေးဖြစ်နေတာတော့ ကြာပါပြီ။ ကမ္ဘာ့အဆင်းရဲဆုံး လူသားတွေကို သန်းပေါင်းများစွာ လှူဒါန်းမယ် ကြေညာတော့ လူသိပိုများသွားတာပေါ့။ ထားပါတော့။

သူ့ရဲ့ ဥပမိရုပ်ကို ကြည့်လိုက်ပါ။

ရည်ရည်မွန်မွန်၊ ကြည်ကြည်လင်လင် တွေ့ရမယ်။

သူ ၂၀၂၂ ခုနှစ် နှစ်သစ်နှစ်ဦးမှာ စကားငါးခွန်း ပြောခဲ့တယ်။ ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ် ပြောတဲ့စကားက လူငယ်လူရွယ်များအတွက် တိုးတက်အောင်မြင်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ပြောတာပါလို့ သူကဆိုတယ်။ စာဖတ်သူများ သိပြီးပြီလား။ *စာမျက်နှာ ၁၁ သို့*

- **သူများတွေ ဘာကြောင့် အောင်မြင်သလဲ။ ကိုယ့်ဘဝမှာ သူနဲ့ထပ်တူကျအောင် ပုံတူကူးလို့ မရပေမယ့် သူတို့သိတဲ့၊ သူတို့သုံးတဲ့ နည်းလမ်းဗျူဟာ နည်းနာနိဿယတွေကတော့ သိရရင်ကောင်းတာပေါ့။ မသိရင် ခက်တယ်၊ သိရင်လွယ်တယ်။ အတဲ့၊ နုံတဲ့လူစားတွေက သူတို့ကိုယ်တိုင် တွေ့ကြုံရတဲ့ ဘဝသင်ခန်းစာတွေမှတစ်ဆင့် သင်ယူကြတယ်။**
- **အပ်ဖျားရေစက် အနက်ပင်လယ်ဆိုတာ အသုံးချတတ်သူအတွက် မောင်ပေါက်ကျိုင်း ထီးနန်းစံရတဲ့ကိန်းပါပဲကွယ်။**

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်များ၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ဒုတိယနှစ်ဝက် ဘွဲ့ကြိုသင်တန်းများ ၁၇-၁-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တို့၏ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်အတွက် သက်ဆိုင်ရာ အထူးပြုဘာသာရပ်များအလိုက် အောက်ဖော်ပြပါ ဒုတိယနှစ်ဝက် ဘွဲ့ကြိုသင်တန်းအသီးသီးကို ၁၇–၁–၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်–

(က) (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်)ပညာ ဒုတိယနှစ် (ဒုတိယနှစ်ဝက်) ဘွဲ့ကြိုသင်တန်း

(ခ) (ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်)ပညာ တတိယနှစ် (ဒုတိယနှစ်ဝက်) ဘွဲ့ကြိုသင်တန်း

**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်/မန္တလေး)**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်



**နေပြည်တော် ဇန်နဝါရီ ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကာကွယ်ဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော်(လေ)မှ လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဗဟိုကာကွယ်ဆေး သိုလှောင်ခန်း၊ တိုးချဲ့ကာကွယ်ဆေး ထိုးလုပ်ငန်းမှ ဆေးတစ်လုံးလျှင် ငါးယောက် ထိုးနိုင်သော Sinopharm ကာကွယ်ဆေးနှင့် ဆေးတစ်လုံးလျှင် ၁၀ ယောက် ထိုးနိုင်သော Covaxin ကာကွယ်ဆေးများအား ကလေးမြို့သို့ Sinopharm ကာကွယ်ဆေး အလုံး ၄၀၀၊ Covaxin ကာကွယ်ဆေး အလုံး ၁၂၀၀ နှင့် ဆေးရုံသုံးပစ္စည်းများ၊ မုံရွာမြို့သို့ Covaxin ကာကွယ်ဆေး အလုံး ၂၀၀ နှင့် ဆေးရုံသုံး ပစ္စည်းတို့ကို တပ်မတော်လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အယ်လွန်မက်စ်



လီကာရှင်း



ဂျက်မား



မက်ဇူကာဘတ်



ဘီလ်ဂိတ်

*စာမျက်နှာ ၁၀ မှ*

အယ်လွန်မက်စ်ဟာ သူ့ရဲ့ ဥပမိရုပ်အရ၊ သူ့ရဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ လုပ်ရည်ကိုင်ရည်အရ ၂၀၂၁ ခုနှစ်ရဲ့ အထူးခြားဆုံးပုဂ္ဂိုလ်ရယ်လို့ တိုင်းမ်မဂ္ဂဇင်းက ရွေးချယ်ခံရလို့ ချီးမြှောက်နေခြင်းမဟုတ်ပါ။ ယုံကြည်လေးစားနိုင်တဲ့ လူတစ်ယောက်လို့ ယူဆရပါတယ်။

သူပြောတဲ့စကားဟာ စေတနာပါတယ်။ မှန်ကန်တယ်။ အချိန်အခါနဲ့ ဆီလျော်တယ်။ အခြေအနေအရ သင့်တော်တယ်။ နားထောင်သူအတွက် အကျိုးရှိစေလောက်တဲ့ အကြောင်းအချက်တွေပဲလို့ယူဆတယ်။

**သူဋ္ဌေးစကား**

အယ်လွန်မက်စ် ပြောပြတဲ့စကားကို စာဖတ်သူက ကြိုက်ရင် မှတ်သားကျင့်သုံးကြည့်ပေါ့။

မကြိုက်ရင်မမှတ်နဲ့။ မယူနဲ့။ ဒါပါပဲ။

စာရေးသူက ဖတ်သူအတွက် အသုံးချကြည့်ရင်တော့ အကျိုးတစ်စုံတစ်ရာရှိလောက်မှာ သေချာတယ်လို့ မှန်းဆမိတဲ့အတွက် လက်ဆင့်ကမ်းမျှဝေခြင်းပါ။

သူပြောတာက–

၁။ Be useful – အသုံးကျပါစေ။

၂။ Contribute to society – လူ့အဖွဲ့အစည်းအတွင်းမှာအပြုသဘော ပါဝင်လုပ်ဆောင်ပါ။

၃။ Don’t try to be a leader – ခေါင်းဆောင်တစ်ဦးရယ်လို့ ဖြစ်လာအောင် မကြိုးပမ်းပါနဲ့။

၄။ Read books and inject information – စာအုပ်များကို ဖတ်ပါ။ အသိပညာအကြံသစ် ဉာဏ်သစ် လောင်းပါ။

၅။ Talk the people – လူတွေနဲ့စကား ပြောပါ။

အယ်လွန်မက်စ်ဆိုတဲ့ ကမ္ဘာကျော်သန်းကြွယ်(အချမ်းသာဆုံးလို့ ပြောနေကြတာပဲ) သူဋ္ဌေးကြီးတစ်ယောက်ရဲ့ စကားကို အောင်မြင်မှုကိုပန်းတိုင်ထားပြီး ကြိုးစားအားထုတ်နေကြတဲ့ လူငယ်အားလုံးအတွက် နှစ်သစ်ကူး နှစ်ဦးလက်ဆောင်ပေးလိုက်ခြင်းပါပဲ။

**အသုံးကျပါစေ**

သူပြောတာတွေကို အသေးစိတ်မဖော်ပြတော့ပါ။ အယ်လွန်မက်စ် တိတိကျကျ ရေးထား၊ ပြောထားတာကလည်း ရှင်းလင်းပြီးသားပါ။ အသုံးကျပါစေ။ အသုံးကျအောင် ကြိုးစားနေပါ။ အသုံးကျအောင် ကြိုးစားရတာဟာ လက်တွေ့မှာ တကယ်တမ်း ခက်ခဲပင်ပန်းလှပါတယ်လို့ ပြောထားပါသေးတယ်။

ကိုဗစ်ရောဂါကုသဖို့အတွက် အများပြည်သူကုသရာမှာ အသုံးပြုရန် ပြည်ပမှ တင်သွင်းသယ်ဆောင်လာတဲ့ အောက်ဆီဂျင်တိုင်ကီတင်ကားနဲ့ ယာဉ်မောင်းကို ပစ်ခတ်သတ်ဖြတ်ခြင်းမျိုး၊ လူနာတင်ယာဉ်ကို မိုင်းခွဲတိုက်ခိုက်ခြင်းနဲ့ ပြည်သူအများ သွားလာအသုံးပြုနေတဲ့ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းမျိုးတွေက ဘယ်လောက်များ ဆိုးရွားလှပါသလဲ။

သူရဲဘော ကြောင်ရုံမျှသာမက မိုက်မဲယုတ်မာလွန်းပါတယ်။ အကုသိုလ်အကျိုးပေးမယ့် ဆိုးရွားမှုတွေမို့ အောင်မြင်မှုနဲ့ ဝေးလွန်းပါရဲ့ကွယ်။

သန်းကြွယ်သူဋ္ဌေးကြီး အယ်လွန်မက်စ်အကြံပေးတဲ့ ဒုတိယအချက်ဖြစ်တဲ့ လူ့အဖွဲ့အစည်း၊ လူအများကို ကူညီရိုင်းပင်း ထောက်ပံ့ပေးပါဆိုတာနဲ့ ဆန့်ကျင်ဘက်တွေ လုပ်နေသမျှ ဘဝတက်လမ်းနဲ့ အောင်မြင်မှုဟာ ရနိုင်ပါတော့မလားကွယ်။

ခေါင်းဆောင် ဖြစ်ရမယ်လို့တော့ မကြိုးစားလေနဲ့ဆိုတာက အမှန်တကယ်သာ ကိုယ်က လူတော်လူကောင်းဖြစ်နေရင် ခေါင်းဆောင်နေရာ၊ ခေါင်းဆောင်တာဝန်ဆိုတာ အလိုလို ထင်ပေါ်ရင်စင်တော်ကကောက်စမြဲမို့ မိမိကိုယ်ကို အတ္တသမ္မာပဏီဓိစ မင်္ဂလာနဲ့ ပြည့်စုံအောင်ပဲ အတ္တာဟိ အတ္တနော နာထော ကိုယ်တိုင် လူကောင်းလူတော်ဖြစ်ဖို့သာ လုပ်ပါလို့ ဆိုလိုပုံရပါတယ်။

ကမ္ဘာကျော် သိပ္ပံပညာရှင်တွေ၊ ပညာကျော်တွေ၊ နိုင်ငံရေး၊ စစ်ရေး ခေါင်းဆောင်ကြီးတွေ၊ သူဋ္ဌေးသူကြွယ်ကြီးတွေအားလုံးဟာ စာသိပ်ဖတ်ခဲ့ကြပါတယ်။ စာအုပ်စာပေမှာ မွေ့လျော်တော့ သူတကာတွေထက် ခေါင်းပေါ်ကျော်ပြီး မြော်မြင်နိုင်ကြပေတာပေါ့။ စာမဖတ်ဘဲ ခေါင်းဆောင်နေရာ တက်ထိုင်ရင်တော့ ကျတဲ့အခါကြောင်ကျမကျဘူး။ စာများများ ဖတ်သူများသာလျှင် ထိပ်ဆုံးသို့ ရောက်စမြဲထုံးစံ။ စာကောင်းပေကောင်းတွေကို အဖော်ပြုပါလေ။

**မေးမြန်းလေ့လာ**

အမှတ်စဉ်(၅)အချက် လူတွေနဲ့ စကားပြောပါဆိုတာ ကိုယ်ကသွားပြီး လေပေါ်နေဖို့ မဟုတ်ပါ။ သူတို့အမြင်၊ သူတို့အတွေး၊ သူတို့ဘဝအတွေ့အကြုံ၊ သူတို့ခံစားချက်၊ သူတို့ထင်မြင်ချက်၊ သူတို့ရဲ့ လက်တွေ့ဘဝထဲကို ထဲထဲဝင်ဝင် သိမြင်နားလည်ပါမှ ကိုယ်ပြောမယ့်၊ လုပ်မယ့်၊ စီမံမယ့်အကြံဉာဏ်က အံဝင်ခွင်ကျ ဖြစ်မယ်မဟုတ်လား။

အသက်မွေးမှု မတူ၊ ဒေသမတူ၊ အသက်အရွယ်မတူ၊ အုပ်စုမတူတဲ့ လူမျိုးစုံနဲ့ တွေ့ပါမေးပါ၊

ထိတွေ့ပါ။ သိအောင်လေ့လာပါတဲ့။ နယ်ပယ်စုံကိုသိနေရမယ်။

စာဖတ်သူ လူငယ်လူရွယ်အပေါင်းတို့–

ကမ္ဘာကျော် သူဋ္ဌေးတစ်ယောက် (အယ်လွန်မက်စ်ဟာ အချမ်းသာဆုံးဖြစ်ရုံမက တစ်နှစ်တာကာလအတွင်း ၃၀၄ ဘီလီယံမှ ၃၀၆ ဘီလီယံထိအောင် ပိုမိုကြွယ်ဝသွားပြန်ပါပြီတဲ့။ နောက်ဆုံးသတင်းအရ) နှစ်သစ်ကူး နှစ်ဦးလက်ဆောင် ပြောတဲ့စကား ငါးချက်က အပ်ဖျားရေစက်ပါပဲ မောင်ရေ။ အမောင်တို့၊ အမိတို့ ကြည့်တတ်ရင် ပင်လယ်ကို ပင် မြင်တွေ့ရနိုင်တယ်။

အပ်ဖျားရေစက် အနက်ပင်လယ်ဆိုတာ အသုံးချတတ်သူအတွက် မောင်ပေါက်ကျိုင်း ထီးနန်းစံရတဲ့ကိန်းပါပဲကွယ်။ မေးပါများစကားရ၊ သွားဖန်များ ခရီးရောက်၊ မအိပ်မနေ အသက်ရှည်တဲ့။ အိပ်မနေနဲ့ ကိုယ့်လူရေ စာကောင်းပေကောင်းတွေ မိတ်ဆွေဖွဲ့မှ လူရာဝင်ပေလိမ့်မယ်ခင်ဗျာ။ ။

# လွန်ခဲ့သည့် ခုနစ်နှစ်တာကာလ အပူဆုံးနှစ်များအဖြစ် စံချိန်တင်




**ဘရပ်ဆဲလ် ဇန်နဝါရီ ၁၁**
ပြီးခဲ့သည့် ခုနစ်နှစ်တာကာလမှာ တစ်ကမ္ဘာလုံးဆိုင်ရာ အပူဆုံးနှစ်များအဖြစ် စံချိန်တင်မြင့်မားခဲ့သည်ဟု ဥရောပသမဂ္ဂ ရာသီဥတုဆိုင်ရာစောင့်ကြည့်ရေး အဖွဲ့က ဇန်နဝါရီ ၁၀ ရက်တွင်ပြောသည်။

**သဘာဝဘေးအန္တရာယ်ခံစားလာရ**

လေထုထဲတွင် မီသိန်းပါဝင်မှု သိသိသာသာ မြင့်မားလာခြင်းနှင့်အတူ သတိပေးမှုများလည်း မြင့်မားလာသည်။ မကြာသေးမီနှစ်များအတွင်း တစ်ကမ္ဘာလုံးအနှံ့ ပူနွေးလာမှုနှင့် ဆက်စပ်ပြီး ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုများကြောင့် သဘာဝဘေးအန္တရယ်များကို နိုင်ငံအများအပြား ခံစားလာရသည်။

အထူးသဖြင့် ဩစတြေးလျနှင့် ဆာဘီးယားနိုင်ငံတို့တွင် တောမီးလောင်မှု၊ မြောက်အမေရိကတွင် နှစ်ပေါင်း ၁၀၀၀ အတွင်း တစ်ကြိမ် အပူလှိုင်းဖြတ်မှုနှင့် အာရှ၊အာဖရိက၊ အမေရိကန်နှင့် ဥရောပတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပေါ်ခြင်းတို့ပါဝင်သည်။

**ပို၍ပူနွေး**

ပြီးခဲ့သည့်နှစ်မှာ တစ်ကမ္ဘာလုံးအနှံ့ စံချိန်အရ ငါးခုမြောက် အပူဆုံးနှစ်ဖြစ်သည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့ထက် ပို၍ပူနွေးသည်။ ဥရောပသမဂ္ဂ ရာသီဥတုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့၏ တွေ့ရှိမှုအရ ပြီးခဲ့သည့် ခုနစ်နှစ်မှာ စံချိန်တင်အပူဆုံးနှစ်များ ဖြစ်သည်ဟု သိရသည်။ **အေအက်ဖ်ပီ**

# မက္ကဆီကိုသမ္မတ ကိုဗစ်– ၁၉ နောက်တစ်ကြိမ် ကူးစက်ခံရ


မက္ကဆီကိုသမ္မတ အန်ဒရက်စ် မန်နျူရယ်လိုပက်ဇ် အိုဘရာဒေါ။

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁၁**
ဒုတိယအကြိမ် ကိုဗစ်–၁၉ ကူးစက်ခံထားရကြောင်း မက္ကဆီကိုသမ္မတ အန်ဒရက်စ် မန်နျူရယ် လိုပက်ဇ် အိုဘရာဒေါက ဇန်ဝါရီ ၁၀ ရက်တွင် ပြောသည်။

အသက် ၆၈ နှစ်ရှိပြီဖြစ်သော လိုပက်ဇ်မှာ ကိုဗစ် –၁၉ ကူးစက်ခံထားရသော်လည်း အပျော့စား လက္ခဏာများကိုသာ ခံစားရကြောင်းနှင့် တစ်ဦးတည်း သီးခြားခွဲ နေစဉ်အတွင်း လုပ်ငန်းဆောင်တာများကို ဆက်လက်လုပ်ဆောင်နိုင်သည်ဟုလည်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

သီးခြားခွဲနေသည့် ကာလ မပြီးဆုံးမီအချိန်အထိ အွန်လိုင်းပေါ်မှတစ်ဆင့် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင်ပုံမှန်ပြုလုပ်နေကျ သတင်းစာရှင်းလင်းပွဲအပြီးတွင် ၎င်း၌ ကိုဗစ် –၁၉ ဒုတိယအကြိမ် ကူးစက်ခံထားရကြောင်း အတည်ပြုခဲ့သည်။ သာမန်အအေးမိသည့် လက္ခဏာများသာ ခံစားရကြောင်း ပြောသည်။

သမ္မတကို ရောဂါကြောင့် ခွဲထားစဉ်အတွင်း ပြည်ထဲရေးဝန်ကြီး အာဒန်အော်ဂတ်စ်တို လိုပက်ဇ်က သတင်းစာရှင်းလင်းပွဲကိုဦးစီးကာ လုပ်ဆောင်သွားမည်ဖြစ်သည်။ ထို့ပြင် အခြားသောပွဲ အခမ်းအနားများကိုလည်း တက်ရောက်သွားမည်ဖြစ်သည်။

မက္ကဆီကို သမ္မတသည် ကိုဗစ်– ၁၉ ကာကွယ်ဆေး အပြည့် ထိုးထားသည့်အပြင် တတိယအကြိမ် ကာကွယ်ဆေးကိုလည်း ထိုးထားပြီးဖြစ်သည်။ ၎င်းမှာ ပြီးခဲ့သည့်နှစ် ဇန်နဝါရီလအတွင်း ကိုဗစ် – ၁၉ ကူးစက်ခံရကာ ထိုစဉ်ကလည်း အသေးစား လက္ခဏာများသာ ပြသသည်။ **ဆင်ဟွာ**

# အမေရိကန်တစ်ဝန်း အိုမီခရွန်ကူးစက်မှုများကြောင့် ကျန်းမာရေးလုပ်သားအင်အားပြတ်တောက်မှုဖြစ်ပေါ်

**ဝါရှင်တန် ဇန်နဝါရီ ၁၁**
အမေရိကန်နိုင်ငံတစ်ဝန်း အိုမီခရွန်ကူးစက်မှုများကြောင့် လုပ်သားအင်အားပြတ်တောက်မှုမှာ စိုးရိမ်ရသည့်အနေအထားသို့ ရောက်ရှိလာသည်ဟု သိရသည်။

အမေရိကန်ဆေးရုံ ၅၀၀၀ ထဲတွင် ၂၄ ရာခိုင်နှုန်းမှာ ဝန်ထမ်းအင်အားပြတ်တောက်မှု စိုးရိမ်ရသည့်အခြေအနေသို့ ရောက်ရှိလာသည်ဟု အမေရိကန်ကျန်းမာရေးနှင့် ဝန်ဆောင်မှုဌာန၏ အချက်အလက်များအရ သိရသည်။

ဆေးရုံ ၁၀၀ ကျော်မှာလည်း လာမည့်သီတင်းပတ်အတွင်း ဝန်ထမ်းအင်အားပြတ်တောက်မည့်အရေးနှင့် တွေ့ကြုံရဖွယ်ရှိသည်ဟု ပြောသည်။ ရှေ့တန်းမှလုပ်ဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများမှာ ရောဂါကူးစက်ခံရခြင်း သို့မဟုတ် ကိုဗစ် –၁၉ ကူးစက်ခံထားရသူနှင့် ထိတွေ့မှုကြောင့် အသွားအလာကန့်သတ်ခံနေရခြင်းတို့ကြောင့် ဝန်ထမ်းအင်အားပြတ်လပ်မှုများ ဆက်လက်ပေါ်ပေါက်လျက်ရှိသည်။ ဗာဂျီးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး က ဇန်နဝါရီ ၁၀ ရက်တွင် ဆေးရုံများအတွက် အရေးပေါ်ထုတ်ပြန်ချက်ထုတ်ပြန်ခဲ့သည်။

ဆေးရုံများတွင် ဝန်ထမ်းအင်အားဖြည့်တင်းရန်နှင့် ဆေးရုံခုတင်များတိုးရန် အရေးပေါ်သတိပေးချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ကလေးငယ်များ ဆေးရုံတက်ရမှုနှုန်းမှာလည်း တစ်စတစ်စများပြားလာခဲ့သည်။ လော့စ်အိန်ဂျလိစ် ကလေးဆေးရုံတွင် ဆေးရုံတက်နေရသည့် ကိုဗစ် –၁၉ လူနာအရေအတွက်မှာ ဒီဇင်ဘာလအတွင်းက ၁၇ ဒသမ ၅ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ဇန်နဝါရီလ၌ ၄၅ ရာခိုင်နှုန်းအထိ တိုးလာခဲ့ကြောင်း ဆေးရုံ၏ ဆေးဘက်ဆိုင်ရာညွှန်ကြားရေးမှူးဖြစ်သူ မိုက်ကယ်စမစ်က ပြောသည်။ **ဆင်ဟွာ**

# အိုမီခရွန်ကူးစက်မှုများ တစ်ရှိန်ထိုးများပြားလာသည်ဟု ဖိလစ်ပိုင်အာဏာပိုင်များပြော

**မနီလာ ဇန်နဝါရီ ၁၁**
ကူးစက်မှု အလွန်လျင်မြန်သည့် အိုမီခရွန်ကူးစက်မှုမှာ ဒယ်လ်တာကူးစက်မှုနှင့်အပြိုင် ဖြစ်လာပြီး ယခုအခါ ဖိလစ်ပိုင်တွင် တစ်ရှိန်ထိုး များပြားလာသည်ဟုလည်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနဖရန်စစ္စကို ဒုကီက ဇန်နဝါရီ ၁၀ ရက် ညပိုင်းတွင် ပြောသည်။

**အိုမီခရွန်ကူးစက်မှုဖြစ်**

နောက်ထပ် ကူးစက်ခံရမှုများ၏ ၆၀ ရာခိုင်နှုန်းမှာလည်း အိုမီခရွန်ကူးစက်မှုများ ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဇန်နဝါရီ ၃ ရက်မှ စတင်ကာ နမူနာများကို ဆေးစစ်ရာ ယင်းထဲတွင် ၆၀ ဒသမ ၄၂ ရာခိုင်နှုန်းမှာ အိုမီခရွန်ကူးစက်မှုဖြစ်ပြီး ၃၇ ဒသမ ၅ ရာခိုင်နှုန်းမှာ ဒယ်လ်တာကူးစက်မှု ဖြစ်သည်ဟု သိရသည်။

**စံချိန်တင်များပြား**

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံတွင် ဇန်နဝါရီ ၁၀ ရက်တစ်ရက်တည်းတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၃၃၁၆၉ ဦးရှိပြီး နေ့စဉ်ကူးစက်မှုများ စံချိန်တင်များပြားလာခြင်းဖြစ်သည်။

**သုံးသန်းနီးပါးရှိလာ**

ယခုအချိန်အထိ ကူးစက်မှုပေါင်း သုံးသန်းနီးပါး ရှိလာပြီဖြစ်သည်။

**စတုတ္ထလှိုင်းနှင့်ရင်ဆိုင်နေရ**

ကိုဗစ် –၁၉ နှင့် ဆက်စပ်ပြီး သေဆုံးမှုမှာ ၅၂၂၉၃ ဦးရှိသည်။ ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ် – ၁၉ ကူးစက်မှုစတုတ္ထလှိုင်းနှင့် ရင်ဆိုင်နေရသည်။

**ဆင်ဟွာ**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် သွားလာလှုပ်ရှားနေကြသူများကို တွေ့ရစဉ်။



# နိုင်ငံတွင်းဖြစ်ပွားနေသော ကိုဗစ်-၁၉ အခြေအနေကို စိုးရိမ်မိကြောင်း ဖိလစ်ပိုင်သမ္မတပြောကြား

မနီလာ ဇန်နဝါရီ ၁၁

**ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ဇန်နဝါရီ ၁၁ ရက်က သုံးသန်းကျော်လာမှုနှင့်အတူ နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး မှတ်တိုင်တစ်ခုကို ကျော်ဖြတ်ခဲ့သည်။**



ဖိလစ်ပိုင်နိုင်ငံ ကွီဇုံမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးအလှည့်ရောက်ရန် စောင့်ဆိုင်းနေသော ဒေသခံများက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် ပုံစံဖြည့်နေစဉ်။

နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၈၀၀၇ ဦးရှိကြောင်း ကျန်းမာရေးဌာနက ဖော်ပြခဲ့ပြီးနောက် ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၀၂၆၄၇၃ ဦး ရှိခဲ့သည်။

ထို့ပြင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၁၉ ဦး ရှိခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ခဲ့သောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ ၅၂၅၁၁ ဦး ရှိလာခဲ့သည်။ နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၁၈၁၀၁၆ ဦး ရှိလာသောကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၄ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးလာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ဇန်နဝါရီ ၁၀ ရက်က အများဆုံးဖြစ်ခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူ ၃၃၁၆၉ ဦးရှိခဲ့သည်။ အားလပ်ရက်ရာသီတွင် ကျန်းမာရေးဆိုင်ရာ နည်းလမ်းများကို လိုက်နာရန် အားနည်းခဲ့ပြီး လူမှုရေး ဆောင်ရွက်ချက်များ အမြင့်ဆုံးဖြစ်ခဲ့သောကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာသည့်အပေါ် ဒေသဆိုင်ရာအာဏာပိုင်များက ပြစ်တင်ဝေဖန်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီး ဖရန်စစ္စကိုဒုက ဖိလစ်ပိုင်သမ္မတ ရိုဒရီကို ဒူတာတေးနှင့် တွေ့ဆုံမှုတွင် နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ အခြေအနေမှာ ယခုအခါတွင် အရေးပေါ်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးက နိုင်ငံတွင်းရှိ ကိုဗစ်-၁၉ အခြေအနေနှင့်ပတ်သက်ပြီး စိုးရိမ်မိကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတွင်းရှိ ကိုဗစ်-၁၉ အခြေအနေသည် ယခုအခါတွင် စိုးရိမ် ဖွယ် သတိပေးမှုတစ်ခု ဖြစ်လာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံ၌ အသက် ၁၂ နှစ်အောက် ကလေးငယ်များကို ကိုဗစ်-၁၉ ကာကွယ်ဆေးစတင်ထိုးနှံပေးတော့မည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်ပြော

**တိုကျို ဇန်နဝါရီ ၁၁**

ဂျပန်နိုင်ငံသည် အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို ကြောက်စရာကောင်းလောက်အောင် ရင်ဆိုင်နေရချိန်တွင် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီးဒါးက နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး ဆောင်ရွက်ချက်တွင် အသက် ၁၂ နှစ်အောက် ကလေးများကို မကြာမီထည့်သွင်းသွားတော့မည် ဖြစ်ကြောင်း ဇန်နဝါရီ ၁၁ ရက်က ပြောကြားခဲ့သည်။



ဂျပန်နိုင်ငံ ကာနာဂါဝခရိုင်တွင် အသက် ၁၂ နှစ် မှ ၁၈ နှစ်ကြားကလေးများကို ကျောင်းပြန်မတက်မီ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

မကြာမီ ပြန်လည်ဖွင့်လှစ်မည့် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ကာကွယ်ဆေးထိုးစင်တာများတွင် သက်ကြီးနိုင်ငံသားများကို အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် ကမ်းလှမ်းမည် ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

တခြားလူများသည် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို မတ်လတွင် ထိုးနှံနိုင်တော့မည်ဖြစ်ပြီး ယခင် စီစဉ်ထားသည်ထက် ပိုမိုစောမည်ဖြစ်ကြောင်း ကီရှီးဒါးက ပြောကြားခဲ့သည်။

အိုမီခရွန်ဗီဇကွဲ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခြင်း အပါအဝင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခြင်းကို အကောင်းဆုံး ရင်ဆိုင်ရန် အစိုးရသည် လတ်တလောတွင် အားထုတ်ကြိုးပမ်းမှုအတော်များများ လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ဌာနေနိုင်ငံခြားသား မဟုတ်သူများအတွက် ပြည်ဝင်ခွင့်ဗီဇာကို နောက်ထပ် ဖေဖော်ဝါရီလကုန်အထိ တိုးမြှင့်ထားကြောင်း ကီရှီးဒါးက ဇန်နဝါရီ ၁၁ ရက်တွင် ကြေညာခဲ့သည်။

ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တွင် ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၀၀၀ ကျော်ခဲ့ပြီးနောက် ဇန်နဝါရီ ၁၀ ရက်က နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၄၀၀ ရှိခဲ့သည်။

ဆင်ဟွာ

## ဗီယက်နမ်မြို့တော် ဟနွိုင်း၌ ကိုဗစ်-၁၉ ဖြစ်ပွားသူ ၁ ဒသမ ၉၂ သန်း ကျော်ရှိလာ

**ဟနွိုင်း ဇန်နဝါရီ ၁၁**

ဗီယက်နမ်နိုင်ငံ၌ ဇန်နဝါရီ ၁၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၆၀၃၅ ဦးရှိလာကြောင်းဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ ၁၆ ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၆၀၁၉ ဦး ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၉၃၀၄၂၈ ဦးအထိ ရှိလာပြီး ၃၄၇၈၇ ဦး သေဆုံးခဲ့ပြီး ပြန်လည်ကောင်းမွန်လာသူ ၁၅၉၆၉၆၀ ရှိလာခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုအများစုမှာ ဗီယက်နမ်မြို့တော် ဟနွိုင်းဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၈၉၄ ဦး၊ အလယ်ပိုင်း ခန့်ဟွာပြည်နယ်တွင် ၇၈၂ဦး၊ တောင်ပိုင်း ကာမူပြည်နယ်တွင် ၇၆၂ ဦးတို့ဖြစ်ကြသည်။ ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၇၁ ဒသမ ၄ သန်းနှင့် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူ ၁၂ ဒသမ ၆ သန်း အပါအဝင် နိုင်ငံတစ်ဝန်းကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း ၁၆၂ ဒသမ ၄ သန်းနီးပါး ရှိလာပြီဖြစ်သည်။ ဇန်နဝါရီ ၁၁ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း မှာ ၁ ဒသမ ၉၂ သန်းကျော်လွန်ခဲ့ပြီဖြစ်သည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံ၌ အိုမီခရွန် ဖြစ်ပွားသူ ၄၄၆၁ ဦးအပါအဝင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၅၈၇၅၇၉၀ အထိရှိလာ

**နယူးဒေလီ ဇန်နဝါရီ ၁၁**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၆၈၀၆၃ ဦး ရှိလာသောကြောင့် ဇန်နဝါရီ ၁၁ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၅၈၇၅၇၉၀ အထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ တစ်သိန်းခွဲကျော် ရှိလာသည်မှာ သုံးရက်မြောက်နေ့ ရှိပြီဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၇၇ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၈၄၂၁၃ ဦး အထိ ရှိလာခဲ့သည်။

အိန္ဒိယနိုင်ငံ၌ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၈၂၁၄၄၆ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ၉၇၈၂၇ ဦး မြင့်တက်လာခဲ့သည်။ လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ ၆၉၉၅၉ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၃၄၅၇၀၁၃၁ ဦးရှိလာပြီဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ အိုမီခရွန်ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၄၄၆၁ ဦးအထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# ဆေးရုံဝန်ထမ်းပြတ်လပ်နေသည့် အမေရိကန်ဆေးရုံများ၌ နိုင်ငံတကာသူနာပြုများ အရေးပေါ်လိုအပ်

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

ကျန်းမာရေးဝန်ထမ်းထောင်ပေါင်းများစွာကို ကာကွယ်ဆေးညွှန်ကြားချက်နှင့်ပတ်သက်ပြီး ထုတ်ပယ်လိုက်ပြီးနောက် အမေရိကန်ပြည်ထောင်စုတွင် ဆေးရုံဝန်ထမ်းပြတ်လပ်နေသည့်ဆေးရုံများသည် နိုင်ငံတကာသူနာပြုများဆီသို့ ခြေဦးသန်းလာခဲ့ကြောင်း ဖောက်စ်သတင်းတွင် ဖော်ပြထားသည်။



အမေရိကန်ပြည်ထောင်စု ဆေးခန်းကြီးတစ်ခုတွင် ဖိလစ်ပိုင်သူနာပြုတစ်ဦးကို တွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စုရှိ ဆေးရုံများတွင် အလုပ်လုပ်ရန် နိုင်ငံတကာသူနာပြု ၅၀၀၀ ကျော်သည် ပြည်ဝင်ခွင့်ဗီဇာရရှိရန် စောင့်ဆိုင်းလျက်ရှိကြောင်း ဖောက်စ်သတင်းက ဇန်နဝါရီ ၁၀ ရက်တွင် ထုတ်ပြန်ထားသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးလိုအပ်ချက်ကြောင့် အမေရိကန်ကျန်းမာရေးဝန်ထမ်းထောင်ပေါင်းများစွာ အလုပ်ဆုံးရှုံးခဲ့ပြီးနောက် နိုင်ငံခြားသူနာပြုလိုအပ်ချက်များ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ အမေရိကန်အနောက်အလယ်ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် မင်နီဆိုးတားပြည်နယ်ရှိ ဆေးခန်းကြီးတစ်ခုတွင် ကာကွယ်ဆေးမထိုးထားသည့် အလုပ်သမား ၇၀၀ ကို အလုပ်ထုတ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

ထို့အတူ အရှေ့မြောက်ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် မက်ဆာချူးဆက်ပြည်နယ်တွင်လည်း ကျန်းမာရေးဝန်ထမ်း ၅၀၀ ကျော်ကို အလုပ်ဖြုတ်ခဲ့ပြီး နယူးယောက်တွင်လည်း ကျန်းမာရေးဝန်ထမ်း ၃၀၀၀၀ ကျော်ကို အလုပ်ဖြုတ်ခဲ့ကြောင်း အဆိုပါ ဖောက်စ်သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

ဆင်ဟွာ

# ကာကွယ်ဆေးထိုးမှုနှုန်း မြင့်မားသော်လည်း ကပ်ရောဂါ၏ ရိုက်ခတ်မှုကို ခံနေရဆဲဖြစ်သည့် ပေါ်တူဂီ

ကေကေစိုး

ပေါ်တူဂီနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ် -၁၉ ကာကွယ်ဆေး အမြင့်ဆုံးထိုးပေးနိုင်သည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်သည်။

**အပြည့်အဝထောက်ခံအားပေး**

ထို့ပြင်အစိုးရ၏ နိုင်ငံ့လူဦးရေအကုန်ကို ကာကွယ်ဆေးအပြည့်ထိုးပေးနိုင်ရေးလှုပ်ရှားမှုတွင်လည်း ပြည်သူများက အပြည့်အဝထောက်ခံအားပေးကြသည်။

အခြားသော ဥရောပနိုင်ငံများနှင့်မတူညီသည်မှာ ပေါ်တူဂီနိုင်ငံတွင် ကာကွယ်ဆေးထိုးနှံမှုကို ဆန့်ကျင်သည်မှာ ရှားပါးသည်။ ဥရောပနိုင်ငံအချို့တွင် ကာကွယ်ဆေးထိုးနှံမှုနှင့် ပတ်သက်၍ ဆန့်ကျင်ဆန္ဒပြမှုများ ပေါ်ပေါက်နေသော်လည်း ပေါ်တူဂီနိုင်ငံတွင်မူ ယင်းသို့မဟုတ်ပေ။

**လေးစားလိုက်နာကြ**

ကာကွယ်ဆေးထိုးနှံခြင်းနှင့် ပတ်သက်၍ ပြည်သူများမှာ ယေဘုယျအားဖြင့် လက်ခံကြသည်။

အာဏာပိုင်များ၏ ထိန်းချုပ်မှုနှင့် ကျန်းမာရေးနှင့်ပတ်သက်သော လုံခြုံစိတ်ချရသော နည်းလမ်းများကို လေးစားလိုက်နာကြသည်။

ကျန်းမာရေးအာဏာပိုင်များနှင့် သိပ္ပံပညာရှင်များ၏ ထောက်ခံချက်အတိုင်း လိုက်နာရန် အဆင်သင့်ရှိသည်ဟု စားသောက်ဆိုင်အတွက် အစားအသောက်တင်သွင်းသူ တစ်ဦးဖြစ်သူ ပီဒရိုက ပြောသည်။ ထို့ပြင် တတိယအကြိမ် ကာကွယ်ဆေးထိုးရန်လည်း ပြင်ဆင်နေသည်ဟု ၎င်းက ဆက်ပြောသည်။

**ဆုံးရှုံးနစ်နာရ**

သို့သော်လည်း အစိုးရက ချမှတ်ထားသောကန့်သတ်ချက်များကြောင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ဆုံးရှုံးနစ်နာမှုများ နေရသည့်အပေါ်တွင်မူ ၎င်းက ဝေဖန်ခဲ့သည်။ ဗစ်ဆုမြို့မှ စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးဖြစ်သူ ရောဘတ်တာက ၎င်းမှာ ကာကွယ်ဆေးထိုးပြီးဖြစ်သော်လည်း သံသယများမှာမူ ရှိနေဆဲဖြစ်ကြောင်း ပြောသည်။

အစိုးရက ကန့်သတ်ချုပ်ချယ်ထားမှုကြောင့် အချို့သောကဏ္ဍများတွင် ဆက်လက်ရှင်သန်ရန် အခက်အခဲများစွာနှင့် ရင်ဆိုင်နေရသည်ဟုလည်း ၎င်းက ဆက်ပြောသည်။

**အခက်အခဲများနှင့်ရင်ဆိုင်နေရ**

ပေါ်တူဂီနိုင်ငံ၏ စီးပွားရေးမှာ ခရီးသွားလုပ်ငန်းအပေါ်တွင်လည်း တည်မှီနေရာ ယင်းကဏ္ဍမှာ ကိုဗစ် -၁၉ ကြောင့် အထိနာနေရသည့် တိုင်းပြည်၏ စီးပွားရေးပြန်လည်နာလန်ထူလာစေရေးအတွက် အကူအညီပေးသည်။

အဆိုပါကဏ္ဍတွင် အလုပ်အကိုင်ပေါင်း ၆၀၀၀၀ ဆုံးရှုံးမည်ဟုလည်း ခန့်မှန်းထားသည်။ တိုင်းပြည်အတွင်းရှိ ဟိုတယ်စုစုပေါင်း၏ ၄၅ ရာခိုင်နှုန်းမှာလည်း ယာယီအားဖြင့် ပိတ်ထားရသည်။ လေကြောင်းလိုင်းဖြစ်သည့် တီအေပီအဲပေါ်တူဂီမှာလည်း ဆက်လက်ရပ်တည်နိုင်ရေး အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

**ဖိအားများဖြစ်ပေါ်လာရ**

မကြာသေးမီ သီတင်းပတ်များအတွင်း ပေါ်တူဂီနိုင်ငံတွင် ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုများ စံချိန်တင်များပြားနေပြီး ဆေးရုံတက်ရမှုနှုန်းမှာလည်း တဖြည်းဖြည်းချင်း တိုးလာလျက်ရှိသည်။

ထို့ကြောင့် တိုင်းပြည်၏ ကျန်းမာရေးစနစ်တွင် ဖိအားများဖြစ်ပေါ်လာရသည်။ ပြီးခဲ့သည့် တနင်္ဂနွေနေ့တွင် နေ့စဉ် ကိုဗစ် -၁၉ ကူးစက်မှုမှာ ၂၆၄၁၉ ဦးရှိလာပြီး ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ ကူးစက်ခံရသူပေါင်း ၁ ဒသမ ၆ သန်းအထိ ရှိလာခဲ့သည်။

ယင်းနေ့တွင်ပင် ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီးသေဆုံးသူ ၂၂ ဦး တိုးလာခဲ့ပြီး သေဆုံးသူ အရေအတွက်မှာ ၁၉၁၁၃ ဦး ရှိလာခဲ့သည်။ လက်ရှိဆေးရုံတွင် ဆေးကုသမှုခံယူနေသူ ၁၄၄၉ ဦးရှိပြီး ၎င်းတို့အထဲမှ ၁၅၀ မှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေကြသည်။

**ကလေးများ ရောဂါကူးစက်ခံရ**

အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေကြသူများမှာ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်မထိုးရသေးသူများနှင့် ရောဂါအခံရှိသူများဖြစ်သည်ဟု ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူတစ်ဦးက ပြောသည်။

အသက် ၅ နှစ်မှ ၁၁ နှစ်အတွင်း ကလေးများ ရောဂါ ကူးစက်ခံရသူအရေအတွက်မှာလည်း များပြားလျက်ရှိသည်ဟု ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ယင်းအသက်အုပ်စု အပိုင်းခြားကို မကြာသေးမီ သီတင်းပတ်မှစတင်ကာ ကာကွယ်ဆေးထိုးပေးခြင်းများ ပြုလုပ်ပေးနေခြင်းဖြစ်သည်။

**ကောင်းမွန်သည့် လုပ်ရပ်**

ဆေးရုံတက်နေရသည့် ကလေးလူနာများအားလုံးမှာ ကာကွယ်ဆေးမထိုးရသေးသူများဖြစ်သည်ဟု လစ္စဘွန်းမြို့ ဒိုနာအက်တီဖန်နီယာ ဆေးရုံ ကလေးကူးစက်ရောဂါဌာနမှ ဒါရိုက်တာ မာရီယာဂျိုအာ ဘရစ်တိုက ပြောသည်။

ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှုများနှင့် ကိုဗစ်-၁၉ နှင့်ဆက်စပ်သည့် ရောဂါလက္ခဏာများကို ကာကွယ်ရာတွင် အစွမ်းထက်မှုရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ကာကွယ်ဆေးအပြည့်ထိုးထားသည့်သူများပင်လျှင် ရောဂါကို အပြည့်အဝကာကွယ်ပေးနိုင်စွမ်းမရှိဟု ကူးစက်ရောဂါ အထူးကျွမ်းကျင်သူ ဂျိုးဆက် ပိုကက်စ်က ပြောသည်။

သို့သော်လည်း ကူးစက်ခံရသူအရေအတွက် လျော့ကျရန်အလို့ငှာ ကာကွယ်ဆေးထိုးခြင်းမှာ ကောင်းမွန်သည့်လုပ်ရပ်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**မက်လုံးပေးဆွဲဆောင်**

ကူးစက်မှုများ ပြန်လည်များပြားလာသည့်အတွက် အစိုးရသည် တတိယအကြိမ် ကိုဗစ် -၁၉ ကာကွယ်ဆေးထပ်မံထိုးနှံရန် မက်လုံးပေးဆွဲဆောင်မှုများ ပြုလုပ်လာသည်။ အသစ်ချမှတ်ထားသည့် စည်းကမ်းချက်များအရ ကိုဗစ် -၁၉ ကူးစက်ခံရသူနှင့် ထိတွေ့မှုရှိသူများမှာ သီးခြားခွဲနေထိုင်ရမည်ဟု ပါရှိသည်။

သို့သော်လည်း ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးထားပြီးနောက် တစ်ကြိမ် ထပ်မံကာကွယ်ဆေးထိုးနှံပါက အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများနှင့် ပွဲများသို့ သွားလာသည့်အခါ ကိုဗစ် -၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ်ပြသရန် မလိုအပ်ဟု သိရသည်။

**ဆေးလက်မှတ်ပြသရန်မလို**

တတိယအကြိမ် ကာကွယ်ဆေးမထိုးရသေးသူများမှာမူ ကိုဗစ်-၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ်ပြသရန် လိုအပ်သည်။ ယင်းအချက်မှာ တတိယအကြိမ် ကာကွယ်ဆေးထိုးရန် မက်လုံးပေးဆွဲဆောင်မှုတစ်ရပ်ပင်ဖြစ်သည်။

ယခုဖြစ်ပေါ်နေသည့် ကိုဗစ် -၁၉ ဗီဇပြောင်းအိုမီခရွန်ကူးစက်မှုမှာ ယခင်ဒယ်လ်တာထက် ရောဂါလက္ခဏာပြင်းထန်မှု နည်းပါးသော်လည်း ၎င်းကို အပေါ့စားကူးစက်မှုအဖြစ် သတ်မှတ်မထားသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ တက်ဒရော့စ် အက်ဟာနွမ် ဂီဘရီယက်ဆုစ်က ပြောသည်။ ။

ကိုးကား - ဆင်ဟွာ



ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

❑ **အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေကြသူများမှာ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်မထိုးရသေးသူများနှင့် ရောဂါအခံရှိသူများဖြစ်သည်ဟု ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူတစ်ဦးက ပြောသည်။ အသက် ၅ နှစ်မှ ၁၁ နှစ်အတွင်း ကလေးများ ရောဂါကူးစက်ခံရသူအရေအတွက်မှာလည်း များပြားလျက်ရှိသည်ဟု ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ ယင်းအသက်အုပ်စု အပိုင်းခြားကို မကြာသေးမီ သီတင်းပတ်မှစတင်ကာ ကာကွယ်ဆေးထိုးပေးခြင်းများ ပြုလုပ်ပေးနေခြင်းဖြစ်**

# ဇန်နဝါရီ ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၃၅ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ နှစ်ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၉၅ဦး ရှိ

(၁၁-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၅၄၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၃၅) ဦး တွေ့ရှိရပါသည်။** ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၈၇) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၅၃,၁၅၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၂,၄၀၂) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၉၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၀,၄၇၂) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦး ရှိသဖြင့် ယနေ့ အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၉၅) ဦး** ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၁၁-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၈၆၇) ခု | (၇၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၃) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၂၅) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၀) ခု | (၁၀) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၅) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၀၉) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၂၀) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၂၁၃) ခု | (၁၂၉) ဦး |
| စုစုပေါင်း | (၁၂,၅၄၂) ခု | (၂၃၅) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရော ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျစည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ရက်သတ္တပတ်အလိုက် သုံးသပ်ချက်များအရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းတို့မှာ တဖြည်းဖြည်းလျော့နည်း ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအတွင်း ရောဂါဖြစ်ပွားမှု အခြေအနေ

(၂၇-၅-၂၀၂၁ မှ ၁၀-၁-၂၀၂၂)




- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာ ကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင် အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးနှင့် ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၁-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၂၆၆၁၂၇၂ | ၄၂၅၀၅၃၇၄ | ၈၆၁၃၃၆ |
| ၂။ | အိန္ဒိယ | ၃၅၈၇၅၇၉၀ | ၃၄၅၇၀၁၃၁ | ၄၈၄၂၁၃ |
| ၃။ | ဘရာဇီး | ၂၂၅၅၈၆၉၅ | ၂၁၆၂၆၈၃၆ | ၆၂၀၁၄၂ |
| ၄။ | ပြင်သစ် | ၁၄၆၁၇၃၁၄ | ၁၀၈၅၈၅၁၂ | ၁၂၅၀၂၃၀ |
| ၅။ | ပြင်သစ် | ၁၂၂၀၅၁၁၄ | ၈၅၈၈၀၃၈ | ၁၂၅၇၁၈ |
| ၆။ | ရုရှား | ၁၀၆၈၄၂၀၄ | ၉၇၃၂၀၁၈ | ၃၁၇၆၈၇ |
| ၇။ | တူရကီ | ၁၀၀၄၃၆၈၈ | ၉၃၅၄၈၆၃ | ၈၃၈၄၃ |
| ၈။ | ဂျာမနီ | ၇၅၇၀၂၄၈ | ၆၇၉၂၃၀၀ | ၁၁၄၈၈၇ |
| ၉။ | အီတလီ | ၇၅၅၄၃၄၄ | ၅၄၁၀၄၈၂ | ၁၃၉၂၆၅ |
| ၁၀။ | စပိန် | ၇၄၅၇၃၀၀ | ၅၁၈၃၀၄၂ | ၉၀၁၃၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၁- ၁ - ၂၀၂၂

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၇၄၅၁ | ၄၁၁၆၆၄၈ | ၁၄၄၁၄၄ |
| ဖိလစ်ပိုင် | ၃၀၂၆၄၇၃ | ၂၇၉၂၉၄၆ | ၅၂၅၁၁ |
| မလေးရှား | ၂၇၈၈၈၆၀ | ၂၇၁၇၄၂၂ | ၃၁၆၉၆ |
| ထိုင်း | ၂၂၈၄၆၀၉ | ၂၂၀၀၇၈၅ | ၂၁၈၅၀ |
| ဗီယက်နမ် | ၁၉၃၀၄၂၈ | ၁၅၉၆၉၆၀ | ၃၄၇၈၇ |
| မြန်မာ | ၅၃၂၄၀၂ | ၅၁၀၄၇၂ | ၁၉၂၉၅ |
| စင်ကာပူ | ၂၈၆၃၉၇ | ၂၇၉၃၉၄ | ၈၃၈ |
| ကမ္ဘောဒီးယား | ၁၂၀၆၇၀ | ၁၁၇၀၃၄ | ၃၀၁၅ |
| လာအို | ၁၂၀၅၂၀ | ၁၁၂၄၉၄ | ၄၅၇ |
| ဘရူနိုင်း | ၁၅၆၇၈ | ၁၅၃၆၄ | ၉၈ |

# ကယားပြည်နယ် ဖရူဆိုမြို့နယ် မိုဆိုကျေးရွာအနီး အကြမ်းဖက်သမားများ ဖမ်းဆီးရမိခဲ့မှု ဖြစ်စဉ်နှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နေပြည်တော် ဇန်နဝါရီ ၁၁

**ကယားပြည်နယ် လွိုင်ကော်မြို့ လေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်း ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက် နံနက်ပိုင်းက ဆင်းသက်ရောက်ရှိစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပါဝင်သော ပူးပေါင်းအဖွဲ့က လူနေရပ်ကွက်များအတွင်း မော်တော်ယာဉ်များဖြင့် ရုတ်တရက် ရောက်ရှိလာပြီး ပြည်သူလူထုအား အကာအကွယ်ရယူကာ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် နှောင့်ယှက်ပစ်ခတ်၍ ထွက်ပြေးသွားသည့် ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။**

ဖြစ်စဉ်ဖြစ်ပွားလျှင် ဖြစ်ပွားချင်းလာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့သူများအား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကယားပြည်နယ်အတွင်းရှိ ၎င်းတို့ ထွက်ပြေးနိုင်မည့် လမ်းကြောင်းများအား ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ စစ်ဆေးဆောင်ရွက်လျက်ရှိစဉ် ဖရူဆိုမြို့နယ် မိုဆိုကျေးရွာအနီး လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် ကွိုင်ငံရွာဟောင်းဘက်မှ မိုဆိုကျေးရွာဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် ခုနစ်စီးကို တွေ့ရှိသဖြင့် လုံခြုံရေးအရ စစ်ဆေးမှုခံယူနိုင်ရေး ရပ်တန့်စေခဲ့ရာ ရပ်တန့်မှုမရှိဘဲ မော်တော်ယာဉ်များပေါ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် ပစ်ခတ်၍ မောင်းနှင်ထွက်ပြေး သွားခဲ့သည်။ ထိုသို့ မောင်းနှင်ထွက်ပြေးသွားစဉ် မိုဆိုကျေးရွာအနီးရှိ တောင်ကုန်းများတွင် အသင့်စောင့်ဆိုင်းနေသည့် အကြမ်းဖက်သမားများကလည်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရကြောင်း၊ ဖြစ်စဉ်တွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်သင်တန်းတက်ရောက်ရန် ပါဝင်လာသည့် လူသစ် အချို့တို့အား လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေဖမ်းဆီးရမိခဲ့ကြောင်းနှင့် မီးလောင်လွယ်သည့် စက်သုံးဆီများဖြစ်သည့် ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် အကြမ်းဖက်အဖွဲ့များ ကျေးရွာများမှ အဓမ္မကောက်ခံရယူသွားခဲ့သည့် စားသောက်ကုန် ပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ် ခုနစ်စီးမှာလည်း မီးလောင်ပျက်စီးခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အဖွဲ့အစည်းအချို့နှင့် အကြမ်းဖက်မှုကို အားပေး အားမြှောက်သည့် မီဒီယာများနှင့် လူပုဂ္ဂိုလ်အချို့တို့က လူမှုကွန်ရက် စာမျက်နှာများတွင် တပ်မတော်နှင့် ဒေသခံနယ်ခြားစောင့်တပ်ဖွဲ့ဝင်တို့အကြား အထင်အမြင် လွဲမှားမှုများဖြစ်ပေါ်လာအောင် မဟုတ် မမှန်သတင်းများ လုံ့ဆော်ထုတ်လွှင့်ရေးသား ဖော်ပြလျက်ရှိသဖြင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ၊ ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များက ဒေသခံနယ်ခြားစောင့်တပ်မှ တာဝန်ရှိသူများနှင့် ဖြစ်စဉ်မှန်ပေါ်ပေါက်ရေး စိစစ်ဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးဆောင်ရွက်ခဲ့ရာ ယင်းနေ့တွင် မိုဆိုကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်လျက်ရှိစဉ် တရားမဝင်ဖောက်လုပ်ထားသော ဒီးမော့ဆို-ကွိုင်ငံရွာဟောင်း-ဒေါ်ကယားခူ-မိုဆို မြေသားလမ်းအတိုင်းမောင်းနှင်လာသည့် မသင်္ကာဖွယ်မော်တော်ယာဉ် ခုနစ်စီးအား တွေ့ရှိရသဖြင့် စစ်ဆေးနိုင်ရန် ရပ်တန့်စေခဲ့ကြောင်း၊ မော်တော်ယာဉ်များမှာ ရပ်တန့်ခြင်းမရှိဘဲ မော်တော်ယာဉ်များပေါ်မှ အသင့်ပါလာသော လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် လုံခြုံရေးတပ်ဖွဲ့များကလည်း ပြန်လည်ပစ်ခတ်စဉ် မိုဆိုကျေးရွာအနီးတောင်ကုန်းများပေါ်၌ အသင့်စောင့်ဆိုင်းနေသည့် အကြမ်းဖက်အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်လာခဲ့သဖြင့် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ အပြန်အလှန် ပစ်ခတ်မှုကြောင့် နှစ်ဖက်တပ်ဖွဲ့အကြား ရောက်ရှိခဲ့သည့် မော်တော်ယာဉ် ခုနစ်စီးမှာ လက်နက်ကြီး၊ လက်နက်ငယ် ကျည်နှင့် ဗုံးသီးများ ထိမှန်၍ ရှေ့ဆုံး မော်တော်ယာဉ်များ၌ တင်ဆောင်လာသော စက်သုံးဆီများ ပေါက်ကွဲမီးလောင်ခဲ့ကြောင်း၊ မီးလောင်နေသည့် ကားမှတစ်ဆင့် ကျန်မော်တော်ယာဉ်များအား လျင်မြန်စွာ မီးကူးစက် ခဲ့မှုအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်မှုကြားမှ အတတ်နိုင်ဆုံး ယာဉ်ပေါ် လိုက်ပါသူများအား ကယ်ထုတ်ရန် ကြိုးပမ်းသော်လည်း မီးလောင်မှုအရှိန်နှင့် တစ်ဖက်၏ ပစ်ခတ်မှုများကြောင့် ကယ်တင်နိုင်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ရေး နီးစပ်ရာမြို့အတွင်းရှိ မီးသတ်တပ်ဖွဲ့များမှ မီးသတ်ယာဉ်များကို အကူအညီ တောင်းခံသော်လည်း အကြမ်းဖက်သမားများ၏ အဖျက်အမှောင့် လုပ်ရပ်များကြောင့် မီးသတ်ယာဉ်များပျက်စီးခြင်းနှင့် CDM လှုပ်ရှားမှုများကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ အင်အားလျော့နည်းခြင်းတို့ကြောင့် လာရောက်မီးငြိမ်းသတ်နိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း သိရှိရသည်။

ဒီးမော့ဆိုမြို့မှ မိုဆို ကျေးရွာသို့ အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် လမ်းကြောင်းသည် ဒီးမော့ဆို-ဖရူဆို ကတ္တရာလမ်းမှတစ်ဆင့် မိုဆိုကျေးရွာသို့ သွားရောက်ရခြင်းသာဖြစ်သော်လည်း ယခုထိတွေ့မှုဖြစ်ပွားသည့် အကြမ်းဖက်သမားများအနေဖြင့် တရားမဝင်ဖောက်လုပ်ထားသည့် ဒီးမော့ဆို – ကွိုင်ငံရွာဟောင်း – ဒေါ်ကယားခူ – မိုဆို မြေသားလမ်းအတိုင်း ပုန်းလျှိုးကွယ်လျှိုးဖြင့် ထွက်ပြေးလာခဲ့ခြင်းကြောင့် ယခုကဲ့သို့ ဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ ထိတွေ့ပစ်ခတ်မှုဖြစ်ပွားနေစဉ် မိုဆိုကျေးရွာမှ ကျေးရွာသားများက ကျေးရွာရှိ ဒေသခံနယ်ခြားစောင့်တပ်စခန်းသို့ လာရောက်သတင်းပို့ အကူအညီ တောင်းခံခဲ့ရာ နယ်ခြားစောင့်တပ်စခန်းမှ တပ်ဖွဲ့ဝင် လေးဦးက တာဝန်ရှိသူများထံ သတင်းပို့ခြင်းမရှိဘဲ တိုက်ပွဲဖြစ်ရာနေရာသို့ ကိုယ်စီ လက်နက်ငယ်များယူဆောင်၍ အရပ်ဝတ်များဖြင့် လိုက်ပါသွားကြောင်း၊ အဆိုပါ အဖွဲ့သည် စခန်းမှ ထွက်ခွာပြီး မကြာမီ လက်နက်ငယ်သံများကြားရကြောင်း၊ လက်နက်ငယ်သံကြားရချိန် မတိုင်မီကပင် တိုက်ပွဲဖြစ်သံကြားနေရကြောင်း၊ သို့ဖြစ်၍ နယ်ခြားစောင့်တပ်ဖွဲ့ဝင် လေးဦး၏ လက်ပြန်ကြိုးတုပ်၍ အဖမ်းခံရမှုမှာ စခန်းမှထွက်ခွာစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် တွေ့ဆုံခဲ့ပြီး သတ်ဖြတ်ခံရခြင်းဖြစ်နိုင်ကြောင်း၊ အဆိုပါ နယ်ခြားစောင့်တပ် တပ်ဖွဲ့ဝင်များအား သတ်ဖြတ်ခဲ့ပြီးမှသာ လက်ပြန်ကြိုးတုပ်နှောင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ထားသည့်ပုံစံ ဖန်တီးမှုဖြစ်နိုင်ကြောင်း ဖော်ထုတ် သိရှိရသည်။

ထိုကဲ့သို့ ဖြစ်စဉ်မှန်ကို သိရှိခြင်းမရှိဘဲ အဖွဲ့အစည်းအချို့နှင့် အကြမ်းဖက်မှုကို အားပေး အားမြှောက်သည့် မီဒီယာများနှင့် လူပုဂ္ဂိုလ်အချို့တို့က လူမှုကွန်ရက် စာမျက်နှာများတွင် တပ်မတော်နှင့် ဒေသခံနယ်ခြားစောင့်တပ်ဖွဲ့တို့အကြား အထင်အမြင်လွဲမှား သံသယမှုများ ဖြစ်ပေါ်လာအောင် အကြိမ်ကြိမ်သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။ မြေပြင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မီးလောင်မှုဖြစ်ပေါ်နေသည်ကိုပင် အချိန်မီ မီးငြိမ်းသတ်နိုင်ရေး ကြိုးစားလုပ်ဆောင်ခဲ့ကြပြီး KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ ပတ်ဝန်းကျင်တောင်ကုန်းများပေါ်မှ ပစ်ခတ်မှုများကြောင့်သာလျှင် မငြိမ်းသတ်နိုင်ခဲ့ခြင်းဖြစ်ပြီးယာဉ်ပေါ်တွင် လိုက်ပါလာသည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ယာဉ်ပေါ်ပါဝင်လာသူ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

အလားတူ ဓာတ်ဆီ၊ ဒီဇယ်ပေါက်ကွဲ၍ မော်တော်ယာဉ် မီးလောင်ဆုံးရှုံးမှု ဖြစ်စဉ်မှာ ၂၀၂၁ ခုနှစ် ဇွန်လ ၁၈ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်း လှည့်ကင်းဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်တစ်စီးအား အကြမ်းဖက်သမားများက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်တိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ်၏ဆီတိုင်ကီအား ထိမှန်ပေါက်ကွဲခဲ့ပြီး မီးလောင်ပျက်စီးခဲ့ရကာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ မီးလောင်ဒဏ်ရာကြောင့် သေဆုံး၊ ဒဏ်ရာရမှုဖြစ်စဉ်မျိုး ရှိခဲ့မှုကိုလည်း နိုင်ငံပိုင် သတင်းစာ၊ ရုပ်သံများ၌ ဖော်ပြခဲ့သည်။

အထက်ပါ ဖြစ်စဉ်နှစ်ခုအား သုံးသပ်ကြည့်ပါက မော်တော်ယာဉ်များပေါ်တွင် မီးလောင်လွယ်သည့် လောင်စာဆီများ၊ စားသောက်ကုန်ပစ္စည်းများ တင်ဆောင်ထားသည့်အချိန်တွင် လက်နက်ကြီး၊ လက်နက်ငယ်များ၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းခံရလျှင် မီးလောင်ပျက်စီးနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ပြီး ယင်းဖြစ်စဉ်အပေါ် အခွင့်ကောင်းယူအမြတ်ထုတ်၍ အကြမ်းဖက်သမားများ၊ ၎င်းတို့နှင့် ဆက်နွှယ်သူများက တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ အရပ်သားများအား သတ်ဖြတ်သည့်အသွင်ဖြင့် လုပ်ကြံဖန်တီးခြင်း၊ လူမှုကွန်ရက် စာမျက်နှာများတွင် မဟုတ်မမှန် သွေးထိုးလှုံ့ဆော် ရေးသားဖော်ပြခြင်းများ ဆောင်ရွက်လျက်ရှိသည်ကိုသိရှိရသည့်အပြင် အဖွဲ့အစည်းအချို့နှင့် အကြမ်းဖက်မှုကို အားပေး အားမြှောက်သည့် မီဒီယာများနှင့် လူပုဂ္ဂိုလ်အချို့တို့ကလည်း အဖြစ်မှန်အား သိရှိခြင်းမရှိဘဲ ၎င်းတို့၏ ထင်မြင်ယူဆချက်များအပေါ် အခြေခံပြီး ရေးသားဖော်ပြလျက်ရှိသည်ကို တွေ့ရှိရသည်။ မိုဆိုကျေးရွာအနီးဖြစ်ပွားခဲ့သော ဖြစ်စဉ်အတွင်း မော်တော်ယာဉ်များ မီးလောင်ပျက်စီးပြီးနောက် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် နယ်ခြားစောင့်တပ် တပ်ဖွဲ့ဝင်များအား သတ်ဖြတ်ပြီး လက်ပြန်ကြိုးတုပ်နှောင်မီးရှို့ကာ အထင်အမြင်လွဲမှားမှုဖြစ်စေရန် ရည်ရွယ်ချက်ရှိစွာဖြင့် တမင်ဖန်တီးလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ကို စစ်ဆေးတွေ့ရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း ROE နှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ အရပ်သားပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်းနှင့် အများပြည်သူများအနေဖြင့်လည်း တစ်ဖက်သတ်အထင်အမြင်လွဲမှားစွာ ရေးသားဖော်ပြနေမှုများအပေါ် စဉ်းစားဆင်ခြင်သုံးသပ်ပြီး အမှားနှင့် အမှန်ခွဲခြား သိမြင်နိုင်ရန် လိုအပ်ပါကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

---

## ထန်းတပင်၌ လယ်ယာမြေဧက ၁၅၀ အား စက်မှုလယ်ယာစနစ်ကျလယ်ယာမြေများအဖြစ် ပြောင်းလဲအကောင်အထည်ဖော်ဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း အရည်အသွေးကောင်းမွန်သော စံပြကွက်များဖြစ်စေရေးအတွက် ရေဖြူကျေးရွာအုပ်စု အုတ်ဖိုကျေးရွာ ကွင်းအမှတ်(၁၇၆-ခ) ရှိ လယ်ယာမြေ ဧက ၁၅၀ကို စက်မှုလယ်ယာစနစ်ကျလယ်ယာမြေများအဖြစ် ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုအခါတွင် စနစ်ကျ လယ်ယာမြေဖော်ထုတ်မှုများအနေဖြင့် ရာနှုန်းပြီးစီးနေပြီဖြစ်ကာ စိုက်ပျိုးတောင်သူများလည်း စိုက်ပျိုးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်ထံမှ သိရသည်။

ထန်းတပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေ ဧကဖော်ထုတ်ခြင်းလုပ်ငန်းကို ထန်းတပင်မြို့နယ်အတွင်း ရေပေါ်သောင်ကျေးရွာတွင် ပထမအကြိမ်အဖြစ် ၂၀၁၆ ခုနှစ်တွင် ဧကပေါင်း ၃၈၁ ဧကကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ ရေဖြူကျေးရွာအုပ်စု အုတ်ဖိုကျေးရွာတွင် လယ်ယာမြေဧက ၁၅၀ ကို စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေများအဖြစ် ဒုတိယမြောက်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ စနစ်ကျလယ်ယာမြေဧကများ ဖော်ထုတ်ခြင်းကြောင့် သီးနှံများ အထွက်တိုးပွားလာခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်းလည်း သိရသည်။

ထန်းတပင်မြို့နယ် ရေဖြူကျေးရွာအုပ်စု အုတ်ဖိုကျေးရွာတွင် လယ်ယာမြေဧက ၁၅၀ ကို စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေများအဖြစ် ၂၀၂၁ ခုနှစ် မေလ ၁ ရက်နေ့မှစတင်၍ ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စနစ်ကျ လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် စက်မှုလယ်ယာဦးစီးဌာန၏ ငွေလုံး ငွေရင်းအသုံးစရိတ်ဖြင့် လယ်ယာမြေဧကပေါင်း ၁၅၀ ကို တစ်ဧကလျှင် ငွေကျပ် ၁ ဒသမ ၂၁၅ သန်းနှုန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် အပေါကျေးရွာမှ ကျောင်းအုပ်ဆရာတစ်ဦးအား အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ကာ ငွေကျပ်သိန်း ၁၀၀ ဖြင့် ပြန်လည်ရွေးယူခိုင်းခဲ့

နေပြည်တော် ဇန်နဝါရီ ၁၁

**မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် အပေါကျေးရွာမှ ကျောင်းအုပ်ဆရာတစ်ဦးအား အကြမ်းဖက်သမားများက ဖမ်းဆီးကာ ငွေကျပ်သိန်း ၁၀၀ ဖြင့် ပြန်လည်ရွေးယူခိုင်းခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီတွင် စေတုတ္တရာမြို့နယ် အပေါကျေးရွာ အထကခွဲ (အပေါ)ကျောင်းမှ ကျောင်းအုပ်ဆရာဖြစ်သည့် ဦးသက်နောင်ထွန်း(၃၁)နှစ် (ဘ)ဦးဝင်းညွန့်သည် ၎င်းနေထိုင်ရာ ကျောင်းဝင်းအတွင်းရှိနေအိမ်၌ အဆိုပါ ကျောင်းမှ ကျောင်းသား ကျောင်းသူများအား အချိန်ပိုစာသင်ကြားပေးနေစဉ် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ဘက်မှ လက်နက်များ ကိုင်ဆောင်ထားသည့် PDF အမည်ခံအကြမ်းဖက်သမားအင်အား ၄၀ ခန့်က အပေါကျေးရွာ၏ အနောက်ဘက် တောလမ်းအတိုင်း ရောက်ရှိလာပြီး ကျောင်းအုပ်ဆရာ ဦးသက်နောင်ထွန်းအား "CDM ပြုလုပ်ခြင်းမရှိဘဲ ကျောင်းဖွင့်လှစ်ထားသည်" ဟု ဆိုကာ ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာကြီး မသေစေချင်လျှင် ငွေကျပ် သိန်း ၁၀၀ ဖြင့် လာရောက်ရွေးယူရန် ပြောဆို၍ ကျေးရွာ၏အနောက်ဘက် တောအတွင်းသို့ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။

ထိုသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် ပြန်လည် ကယ်ဆယ်နိုင်ရေးအတွက် ကျေးရွာနေပြည်သူများ စုပေါင်း၍ ငွေကောက်ခံခဲ့ရာ ငွေကျပ်သိန်း ၃၀ ရရှိခဲ့သဖြင့် နံနက် ၁၀ နာရီတွင် ကျေးရွာ၏ အနောက်ဘက် တောအတွင်းသို့ သွားရောက်၍ အကြမ်းဖက်သမားများအား ငွေကျပ်သိန်း ၃၀ ပေးအပ်ညှိနှိုင်းခဲ့ရာ မွန်းလွဲ ၁ နာရီတွင် ကျောင်းအုပ်ဆရာကြီးအား အကြမ်းဖက်သမားများက ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများသည် ကျောင်းအုပ်ဆရာ ဦးသက်နောင်ထွန်းအား ဖမ်းဆီးခေါ်ဆောင်ထားစဉ် အတွင်း ကျောင်းဖွင့်လှစ်ခြင်းအား ရပ်နား၍ CDM ပြုလုပ်ရန်ခြိမ်းခြောက် ဖိအားပေးခြင်း၊ ဦးသက်နောင်ထွန်း၏ ဆံပင်များအား လေးကွက်ကြားညှပ်ခြင်း၊ နားဖောက်ခြင်းများအပြင် ညှဉ်းပန်းနှိပ်စက်ခြင်းများအား လူသားချင်းစာနာထောက်ထားမှု ကင်းမဲ့စွာ အရှက်ဂုဏ်သိက္ခာ ညှိုးနွမ်းစေရေး ပြုလုပ်ခဲ့သည်။

အဆိုပါကျောင်းအုပ်ဆရာ ဦးသက်နောင်ထွန်းသည် အိမ်ထောင်စု ၆၅ စု၊ အိမ်ခြေ ၆၅ အိမ်၊ လူဦးရေ စုစုပေါင်း ၂၃၂ ဦး(အမျိုးသား ၁၁၂ ဦး၊ အမျိုးသမီး ၁၂၀)နေထိုင်သည့် အပေါကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ပညာသင်ကြားရမည့်အရွယ် ကလေးသူငယ် ၈၂ ဦးအား ဆရာ လေးဦး၊ ဆရာမ လေးဦး၊ စာရေး နှစ်ဦးတို့အား ဦးစီး၍ နိုင်ငံ့ဝန်ထမ်း ပီသစွာ စာပေသင်ကြားပေးနေသူ တစ်ဦး ဖြစ်သည်။

ထိုကဲ့သို့ ကျေးလက်နေပြည်သူများ၏ သားသမီးများ ပညာတတ်မြောက်စေရေးအတွက် ပညာသင်ကြားမှုများ ပေးလျက်ရှိသည့် ဆရာ ဆရာမများအား ၎င်းတို့နှင့် ပူးပေါင်းပါဝင်လာစေရန်နှင့် ပညာသင်ကြားမှုများ ဆက်လက်မလုပ်ဆောင်နိုင်ရေးအတွက် အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံ တပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိ သူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၀ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ်၁၃ မြို့နယ်တို့၌ ဒေသခံပြည်သူ ၉၀၃၅ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌ ဒေသခံပြည်သူ ၃၀၃၈ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်၁၄မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၀၃၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၁၆၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၂၅၀၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါး မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၀၅၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၈၄၅၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးများထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၁၀ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သီပေါမြို့နှင့် ဟိုပန်မြို့တို့၌ ကျောင်းသား ကျောင်းသူ ၁၀၈ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၈၄၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၇၃၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးရာသက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တာဝန်သိ ပြည်သူများကို ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ အမှတ်(၄)ရပ်ကွက် ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိ လျှပ်စစ်ပစ္စည်းဆိုင်နှင့် မီမီစတိုးကို ဇန်နဝါရီ ၁၀ ရက် ညနေပိုင်းတွင် ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သမား နှစ်ဦးက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်မောင်းနှင်ထွက်ပြေးသွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမားနှစ်ဦးကို ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၉ မမကျည် ခြောက်တောင့်၊ လက်ပစ်ဗုံးတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်တွင် အကြမ်းဖက်သမားများအား ဝိုင်းဝန်းဖမ်းဆီးပေးခဲ့ကြသည့် တာဝန်သိပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကား ပြောကြားပြီး ဂုဏ်ပြုဆုငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၀ ရက်တွင် ကရင်ပြည်နယ်၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သံလွင်တံတား (ဘားအံ)တာဝန်ကျ အကောက်ခွန်အဖွဲ့မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အေးခဲဘဲသား ၂၀၈၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀)၊ အေးခဲကြက်နက်သား ၉၇၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၅၀၀၀၀) နှင့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၅၀၀၀၀)ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဇန်နဝါရီ ၁၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များက သတင်းအရ ကြံခင်းမြို့နယ်အတွင်း သွားရောက်စစ်ဆေးခဲ့ရာ ပျဉ်းကတိုး၊ ကျွန်းသစ်ခွဲသား (၁ ဒသမ ၆၀၆၄) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၅၁၂၀) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ ကြိုးဝိုင်းသစ်တောများအတွင်း တရားမဝင်သစ်များ ထုတ်လုပ်လျက်ရှိကြောင်း သတင်းအရ ဝင်ရောက်စစ်ဆေးခဲ့ရာ တရားမဝင်သစ်မျိုးစုံ (၁၂ ဒသမ ၉) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၈၀၀၀) ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် ပဲခူး၊ တောင်ငူနှင့် ပြည်ခရိုင်အတွင်းရှိ ကြိုးဝိုင်းသစ်တောများအတွင်း တရားမဝင် သစ်များ ထုတ်လုပ်လျက်ရှိကြောင်း သတင်းအရဝင်ရောက် စစ်ဆေးခဲ့ရာ တရားမဝင် သစ်မျိုးစုံ (၈ ဒသမ ၁၃၂)တန်၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၇၀၀၀ ) ဖမ်းဆီးရမိခဲ့သည်။



သိမ်းဆည်းရမိသည့် တရားမဝင်သစ်များကို တွေ့ရစဉ်။

သို့ပါ၍ ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်များတွင် ဖမ်းဆီးရမိသည့် သစ်မျိုးစုံ (၂၂ ဒသမ ၆၃) တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၁၄၀၁၂၀)အား သိမ်းဆည်းခဲ့ပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် ဖမ်းဆီးရမိသည့် စားသောက်ကုန်ပစ္စည်း ၃၀၅၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၅၀၀၀၀)နှင့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကို အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများအရ အရေးယူဆောင်ရွက် လျက်ရှိကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာ-တရုတ် နယ်စပ်မြို့ငါးမြို့အတွက် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်သန်းလှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁၁

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံရှိ မြန်မာ-တရုတ်နယ်စပ်ငါးမြို့အတွက် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်သန်းပေးအပ်လှူဒါန်းပွဲကို ယူနန်ပြည်နယ် ရောဂါကာကွယ်၊ ထိန်းချုပ်ရေးစင်တာ၌ ဇန်နဝါရီ ၁၁ ရက်က ကျင်းပသည်။**

အဆိုပါလှူဒါန်းပွဲအခမ်းအနားတွင် ကူမင်းမြို့ အခြေစိုက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အထူးကော်မရှင်နာရုံးမှ ဒုတိယ ကော်မရှင်နာ Mr. Xiao Fenghuai က ကိုဗစ်-၁၉ ကာကွယ်ဆေးများလှူဒါန်းမှုနှင့် ပတ်သက်၍ ပြောကြားပြီး ကူမင်းမြို့အခြေစိုက် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ကူညီပံ့ပိုးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ယင်း ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် မြန်မာနိုင်ငံ ကပ်ရောဂါတိုက်ဖျက်ရေးအတွက် အထောက်အပံ့ဖြစ်စေကြောင်း ပြောကြားသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကူညီပံ့ပိုးသည့် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်သန်းအနက် ပထမဆုံးအသုတ်အဖြစ် ကာကွယ်ဆေး အကြိမ်ရေ (Doses) ၇၄၆၈၀၀ ကို ယူနန်ပြည်နယ် ကူမင်းမြို့မှ ဇန်နဝါရီ ၁၁ ရက်တွင် စတင်ပို့ဆောင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးများ သီးသန့်ပို့ဆောင်သည့်ယာဉ် ခုနစ်စီးသည် ယနေ့တွင် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေးများကို မြန်မာနိုင်ငံနယ်စပ်တစ်လျှောက်ရှိ ယူနန်ပြည်နယ်၏ နယ်စပ်မြို့များသို့ ပို့ဆောင်ခဲ့ပြီး ဇန်နဝါရီ ၁၂ ရက်တွင် တာလော့၊ ရွှေလီ၊ ရင်ကျန်း၊ နမ်စန်၊ ဟိုချောင်၊ မုန့်လျန် စသည့် နယ်စပ်ဂိတ်များမှတစ်ဆင့် မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်မည် ဖြစ်သည်။

ယင်းသည် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံမြောက်ပိုင်းသို့ ကိုဗစ်-၁၉ ကာကွယ်ဆေး Doses တစ်သန်း ကူညီပံ့ပိုးရေးအစီအစဉ်အနက် ပထမဆုံးအသုတ် ပို့ဆောင်ပေးခြင်းဖြစ်သည်။ ဒုတိယအသုတ် ကိုဗစ်-၁၉ ကာကွယ်ဆေး Doses ၂၅၃၂၀၀ ကို ဖေဖော်ဝါရီ ၉ ရက်တွင် ပေကျင်းမြို့မှ စတင်ပို့ဆောင်မည်ဖြစ်ပြီး မတ် ၁၀ ရက်မတိုင်မီ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးအားလုံး လွှဲပြောင်းပေးအပ်မည် ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်သန်းကို တရုတ်နိုင်ငံနှင့် ထိစပ်နေသော မြန်မာနိုင်ငံ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် အသုံးပြုမည်ဖြစ်ရာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသ၏ ကပ်ရောဂါတိုက်ဖျက်ရေးစွမ်းရည် မြှင့်တင်ရန်၊ တရုတ်-မြန်မာ နှစ်နိုင်ငံပြည်သူများ ဘေးကင်းရေးနှင့် ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် များစွာအရေးပါကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက သတင်းထုတ်ပြန်ထားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားပြီးနောက် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ထောက်ပံ့ပေးသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး စုစုပေါင်းအရေအတွက်မှာ သန်း ၄၀ ရှိပြီဖြစ်ကြောင်း သိရသည်။ **သီရိ**




မြန်မာ-တရုတ် နယ်စပ်ငါးမြို့အတွက် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်သန်း လှူဒါန်းပွဲ အခမ်းအနား၌ ကာကွယ်ဆေး ပထမအသုတ်ပို့ဆောင်မည့် ယာဉ်တစ်စီးကို တွေ့ရစဉ်။

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၁၀ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၃၄ ဦး၊ အမျိုးသမီး ၁၁၁ ဦး စုစုပေါင်း ၂၄၅ ဦးနှင့် ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၁၀ ဦးတို့ကို လက်ခံခဲ့ကြသည်။



ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော် ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများ သက်ဆိုင်ရာ နေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အနာဂတ်လူငယ်၊ လူရွယ်များ ပညာရည်မြင့်မားရေးအတွက် ပညာသင်ကြားပေးလျက်ရှိသည်ကို မလိုလားသည့် အကြမ်းဖက်သမားများက သင်ကြားမှုပေးသည့် ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာသတ်ဖြတ်ခြင်းများ ပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၁၁

**အနာဂတ် လူငယ်၊ လူရွယ်များ ပညာရည်မြင့်မားရေးအတွက် ပညာသင်ကြားမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်ကို လိုလားမှုမရှိသည့် အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဆိုင်ရာရုံးဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် လူငယ်၊ လူရွယ်များအား ပညာသင်ကြားမှုပေးသည့် ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။**

ထိုကဲ့သို့ဆရာ၊ ဆရာမများအား အကြမ်းဖက် ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိရာ ဇန်နဝါရီ ၈ ရက် ည ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ပုတီးကျေးရွာနေ အထက(ပုတီး) ကျောင်းမှ မူလတန်းပြဆရာမဖြစ်သည့် ဒေါ်လှလှညွှန့် (၄၈)နှစ် (ဘ) ဦးတင်လှသည် ၎င်း၏ ခင်ပွန်းဖြစ်သူ ဦးအောင်ဇော်မိုး (၅၃)နှစ် (ဘ) ဦးကြည်အောင်နှင့် အတူ နေအိမ်၌ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမား ရှစ်ဦးက လက်နက်များကိုယ်စီကိုင်ဆောင် ရောက်ရှိလာပြီး ဒေါ်လှလှညွှန့်အား CDM ပြုလုပ်ခြင်းမရှိသည့်အတွက်ဟု ဆိုကာ ၎င်းတို့နှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားပြီး ပေချောင် ကျေးရွာ အနီးအရောက် သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ ၁၀ ရက် ညနေ ၅ နာရီခွဲတွင် ကသာမြို့နယ် လက်ပန်ဇင်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်း အတွင်းသို့ လက်နက်များကိုယ်စီကိုင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သမား လေးဦးက ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ကျောင်းဝင်း အတွင်း ဆရာ၊ ဆရာမများ နေထိုင်သည့် အခန်းများအား ဖျက်ဆီးဝင်ရောက်ပြီး ဆရာ၊ ဆရာမများအား "ကျောင်းဖွင့်လှစ်ခြင်း မပြုလုပ်ရန်၊ ကျောင်းဖွင့်ပါက ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အသက်ကို အာမ မခံကြောင်းနှင့် ကျောင်းအား မီးရှို့ဖျက်ဆီးပစ်မည်"ဟု ခြိမ်းခြောက်ပြောဆိုကာ ဆရာ၊ ဆရာမတို့၏ လက်ကိုင်ဖုန်းများအား လုယက်ယူဆောင်ကာ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ထို့အတူ ညနေ ၅ နာရီ မိနစ် ၅၀ တွင် ကျောက်ထုံးကြီးကျေးရွာ အထက ကျောင်းဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမား လေးဦးက လက်နက်များကိုယ်စီကိုင်ဆောင်ကာ ရောက်ရှိလာပြီး ကျောင်းဝင်းအတွင်း နေထိုင်သည့် ဆရာ၊ ဆရာမများထံမှ လက်ကိုင်ဖုန်းများအား လုယက်ယူဆောင်ကာ ကျောင်းဖွင့်လှစ်ခြင်းမပြုလုပ်ရန်ခြိမ်းခြောက်ပြောဆိုပြီး ဆရာ၊ ဆရာမများအား ခြေထောက်ဖြင့် ကန်ကျောက်ကာ ဓားရိုးဖြင့် ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် ကျောင်းဆရာ၊ ဆရာမအချို့တွင် ထိခိုက်ဒဏ်ရာအချို့ ရရှိခဲ့သည်။

အလားတူ ည ၈ နာရီ မိနစ် ၂၀ တွင် ဒေါင့်ကြီးကျေးရွာရှိ အထက (ခွဲ)ကျောင်းမှ ကျောင်းအုပ် ဆရာမကြီးထံသို့ အကြမ်းဖက်သမားတစ်ဦးက "ကျောင်းဖွင့်လှစ်ခြင်းမပြုရန်၊ ဆရာ၊ ဆရာမများနှင့် ကလေးများ၏ အသက်ကို အာမ မခံကြောင်း" ဖုန်းဖြင့် ဆက်သွယ်ခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။

လက်ပန်ဇင်ကျေးရွာရှိအခြေခံပညာ မူလတန်းလွန်ကျောင်းနှင့် ကျောက်ထုံးကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတို့သည် ကိုဗစ်ရောဂါဖြစ်ပွားနေမှုကြောင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၉ ရက်မှ စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပြီး အထက(ကျောက်ထုံးကြီး)၌ ကျောင်းသား ကျောင်းသူ ၃၁၉ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ ကလေးသူငယ်များ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည်ကို လိုလားမှုမရှိဘဲ ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်မှုများ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၁-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ရတနသုတ်၊မောရွှဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** ယဉ်ကျေးလိမ္မာ ဓမ္မတေးကဗျာ
**၀၈:၃၅** မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော် (အပိုင်း-၇)
**၀၉:၁၅** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** ရုပ်မြင်သံကြားဇာတ်လမ်း 'ဆူး'
**၁၁:၄၅** ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး
**၁၃:၃၀** MRTV National News
**၁၄:၀၀** စိန်ရတုပြည်ထောင်စု လူ့ရှင်တော်ဖလား ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ်(ပွဲစဉ်-၁)
**၁၆:၃၅** အသိပညာနှင့်အမှန်တရား
**၁၇:၁၀** ခေတ်အလိုက်ကြေးမုံပြင်
**၁၇:၃၅** MRTV Travelogue
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၂၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၁၈)
**၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း 'ဖြားထိသွားသောမုဆိုး'

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** Kyun Nawt Htar Nay Bagan Pyay (Ye Htike)
**07:07** Myanmar Childhood Games (Episode-1)
**07:16** The Firefighter
**07:26** Discovering Tribes: Yin Net Tribe - Their Life and Customs
**07:54** Paper Flower
**08:01** Myanmar Orchestra: A Blend of Arts!
**08:14** Natural Lake: Fish Breeding Business
**08:27** Ecotourism: Shameka Taw Ya Monastery and Dolphin Community Lodge
**08:36** Kyauk Se Elephant Dance
**09:01** News
**09:26** Global Partnership for Brighter Future: Malawi Pavilion at Expo 2020 Dubai
**09:3** Making a Living as Horticulturist
**10:24** Mobile House

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)** တံငါသည်တို့ရဲ့ရုန်းကန်လှုပ်ရှားနေရတဲ့ဘဝ
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** သဘာဝရဲ့အလှတရားများနဲ့ ကျောက်ပုထိုးစေတီတော်
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** ဒေါင်ဒင်အင်းနှင့်စုပေါင်းငါးဖမ်းပွဲတော်
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)** ရသာချိုမိန် ချင်းရိုးရာ မျှစ်ဟင်းရည်ဘိုင်
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)** တောင်ကျကျေးရွာ(အပိုင်း-၁)
**မွန် (၁၁:၀၀ မှ ၁၃:၀၀)** မော်လမြိုင်မြို့ရဲ့အထင်ကရနေရာများ
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** ဝါးတုတ်ချက်နှင့်ရိုက်ကင်းသုပ်
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** သဘာဝကျောက်စက်ပန်းဆွဲများရှိရာ ဝက်ပါလိုဏ်ဂူ
**ဝ (၁၇:၀၀ မှ ၁၉:၀၀)** လားရှိုးသို့အလည်တစ်ခေါက်
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)** ကချင်ရိုးရာထမင်းဟင်းထုပ်
**ကယား (၂၁:၀၀ မှ ၂၃:၀၀)** အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာကယားရိုးရာအိမ်ကလေး

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကာကွယ်ခုခံပိုင်ခွင့်ရှိသောအပိုင်းအခြား'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၂)
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ်အမျိုးမျိုး အကြောင်းသိကောင်းစရာ(အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' တို့ နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊
Education Channel တို့ ဝင်နေ့ဗဟိုနာရီမှအစ
နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မကွေးတိုင်းဒေသကြီး ပေါက်မြို့ရှိအခြေခံပညာမူလတန်းလွန်ကျောင်း နှစ်ကျောင်းအား အကြမ်းဖက်သမားများက လက်လုပ်မိုင်းများအသုံးပြု၍ ဖောက်ခွဲဖျက်ဆီးသည့်"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ (၁၂) ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရေဦးမြို့နယ် ပလူဇာဝတိုက်နယ်ဆေးရုံမှ ရေဦးမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်မည့် ဆေးဝါးများ သယ်ဆောင်လာသည့် လူနာတင်ယာဉ် နှစ်စီးအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်သည့်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက် မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်အင်္ဂါနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်ကို Message ပေးပို့ပါဝင် နိုင်မည်ဖြစ်သည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်သည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် နှာခေါင်းစည်း(Mask) သုံးတန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်းအများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၁ - ၂၀၂၂

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၇၁၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၆၀၉၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၆၈၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၅၈၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၉၀/၁၄၁၀ ကျပ် | ၁၄၂၅/၁၄၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၀၀/၁၄၃၀ ကျပ် | ၁၄၄၀/၁၄၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၀၅/၁၄၂၅ ကျပ် | ၁၄၇၀/၁၄၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၅၅/၁၄၉၀ ကျပ် | ၁၅၇၀/၁၅၈၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၇ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၃ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၁၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၂ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၃ . ၇၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၀၇၂ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၁၀၀ | ၁၂၁၆ | ၉၈၅၂၇၀၀ |
| MTSH | ၃၀၀၀ | ၃၀၅၀ | ၂၅၁၀ | ၇၅၄၈၅၀၀ |
| MCB | ၇၈၀၀ | ၈၀၀၀ | ၁၅ | ၁၁၈၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၀၀ | ၂၆၅၀ | ၂၆ | ၆၈၈၅၀ |
| EFR | ၂၉၀၀ | ၂၉၀၀ | ၅ | ၁၄၅၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# လက်သီးချင်းဆိုင် တံတောင်ချင်းပြိုင်၍ နှုတ်ဆက်ကြရအောင်

မြင့်မောင်စိုး

**ကိုဗစ်– ၁၉ လို့ခေါ်တဲ့ ကမ္ဘာ့ကပ်ရောဂါဆိုးကြီးဟာ ကမ္ဘာပေါ်မှာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက စတင်ပျံ့နှံ့ခဲ့တယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံထဲကိုတော့ ၂၀၂၀ နှစ်ဆန်းပိုင်းလောက်မှာ စတင်ဝင်ရောက်ခဲ့တာပါ။ အဲဒီရောဂါကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က ၂၀၂၀ ပြည့်နှစ် မတ်လ ၁၂ ရက်နေ့မှာ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ် သတ်မှတ်ကြေညာခဲ့ပါတယ်။**

ဒီရောဂါဟာ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ပျံ့နှံ့ကူးစက်တာဖြစ်လို့ ဖြစ်ပွားမှုနှုန်းမြန်ဆန်သလို အသေအပျောက်တွေလည်းရှိနေတာပါ။ ဒီကမ္ဘာ့ကပ်ရောဂါဆိုးကြီးဟာ ၂၀၂၀ လောက်မှာ သိပ်မသိသာပေမယ့် ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်မှာတော့ ကမ္ဘာနဲ့ အဝန်း မျိုးဗီဇကွဲတွေ ထပ်မံပေါ်ပေါက်လာလို့ ကူးစက်မှုဟာလည်း တစ်ဟုန်ထိုးမြင့်တက်စေခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၉ ရက်နေ့အထိ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ဆိုရင် ကိုဗစ် – ၁၉ ကူးစက်ခံရသူပေါင်း သန်း ၃၀၀ ကျော်သွားခဲ့ပြီဖြစ်ပါတယ်။ သေပျောက်မှုအနေအထားကတော့ ငါးသန်းခွဲနီးလာပြီဖြစ်ပါတယ်။ အထူးသဖြင့်တော့ လူဦးရေထူထပ်မှုနဲ့ လူနေမှုစနစ် ပွဲလမ်းအခမ်းအနားတွေများတဲ့ အနောက်နိုင်ငံတွေမှာ နေ့စဉ်ဖြစ်ပွားမှုနှုန်း သိန်းနဲ့ချီဖြစ်ပွားနေတာကို သတိပြုမိပါတယ်။

### ရောဂါဖြစ်ပွားမှုနှုန်းအများဆုံးနိုင်ငံ

ရောဂါဖြစ်ပွားမှုနှုန်း အများဆုံးနိုင်ငံတွေအလိုက် တင်ပြရမယ်ဆိုရင် အမေရိကန်၊ အိန္ဒိယ၊ ဘရာဇီး၊ ဗြိတိန်၊ ပြင်သစ်၊ ရုရှား၊ တူရကီ၊ ဂျာမနီ၊ စပိန်နဲ့ အီတလီနိုင်ငံတွေပဲ ဖြစ်ပါတယ်။ အမေရိကန်ဆိုရင် သန်း ၆၀ ကျော်သွားပြီ ။ သူ့နောက်က အိန္ဒိယဆိုရင် လူဦးရေ သန်းထောင်ကျော်ရှိတဲ့ အလျောက် ဖြစ်ပွားသူကလည်း ၃၅ သန်းကျော်ပြီ။ ဘရာဇီးဆိုလည်း ၂၂ သန်းကျော်၊ ဗြိတန်က ၁၄ သန်းကျော်၊ ပြင်သစ်နဲ့ ရုရှားက ၁၀ သန်းအထက်မှာ ရှိပါတယ်။

အာဆီယံထဲမှာဆိုရင် အင်ဒိုနီးရှားက လေးသန်းကျော်နဲ့ ထိပ်ဆုံးကရပ်တည်နေပါတယ်။ သူ့နောက်မှာဆိုရင် ဖိလစ်ပိုင်က သုံးသန်းနီးပါး။ မလေးရှားနဲ့ ထိုင်းက နှစ်သန်းအထက် ရှိပါတယ်။ ဗီယက်နမ်ဆိုရင် ၁ ဒသမ ၈ သန်း ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကတော့ ငါးသိန်းအထက်ပါ။ စင်ကာပူ၊ ကမ္ဘောဒီးယား၊ လာအိုနဲ့ဘရူနိုင်းနိုင်ငံတွေကတော့ နဂိုကတည်းက လူဦးရေနည်းတဲ့ နိုင်ငံတွေဖြစ်တဲ့အလျောက် ဖြစ်ပွားမှုနည်းတယ်ဆိုတာတွေ့ရပါတယ်။ ဒါလည်း ဘရူနိုင်းကလွဲလို့ တစ်သိန်းကျော်၊ နှစ်သိန်းပါပဲ။

### ကမ္ဘာ့ကပ်ရောဂါကို အမြစ်ဖြတ်ဖို့

ဒါကြောင့် ကိုဗစ်– ၁၉ ကမ္ဘာ့ကပ်ရောဂါလို့ နာမည်နာမ ကင်ပွန်းတပ်လိုက်ပြီဆိုကတည်းက ကမ္ဘာနှင့်အဝန်း ဆေးပညာရှင်တွေ၊ ဆေးထုတ်လုပ်ရေးကုမ္ပဏီတွေက ကိုဗစ် –၁၉ ကမ္ဘာ့ကပ်ရောဂါကို အမြစ်ဖြတ်ဖို့ ကာကွယ်ဆေး၊ ကုသဆေးတွေ ထုတ်ဖို့ အပတ်တကုတ် ရှာဖွေကြိုးပမ်းလာကြပါတယ်။ အခုကကတော့ ကာကွယ်ဆေးကိုထုတ်ကြပါတယ်။ မြန်မာနိုင်ငံရဲ့အိမ်နီးချင်းတရုတ်နိုင်ငံက Sinopharm နဲ့ Sinovax ဆိုပြီးထုတ်တယ်။အိန္ဒိယကလည်း Covishield နဲ့ COVAXIN ဆိုပြီး ထုတ်တယ်။ အမေရိကန်မှာ ဖိုက်ဇာနဲ့ မော်ဒါနာ၊ ရုရှားက စပွန်းနစ် တွေအပါအဝင် ကမ္ဘာနဲ့အဝန်း ကိုဗစ်–၁၉ ကာကွယ်ဆေး ၁၀ မျိုးအထက် ထုတ်လုပ်ကြတာတွေ့ရပါတယ်။ ဒီကိုဗစ်–၁၉ ကာကွယ်ဆေးတွေဟာ ကျောက်ဆေးတို့၊ ကာလဝမ်းရောဂါဆေးတွေလို တစ်ကြိမ်လောက် ထိုးရုံနဲ့မပြီးဘူး။ နှစ်ကြိမ်၊ သုံးကြိမ် ထိုးနေကြတာတွေ့ရပါတယ်။ ငွေကြေးပေါ်မှာလည်းမူတည်တယ်။ အစ္စရေးလို နိုင်ငံမှာဆို သက်ကြီးပိုင်းတွေကို လေးကြိမ်လောက်အထိ ထိုးနေတာကို သတိပြုမိပါတယ်။ ဒါပေမယ့် ကာကွယ်ဆေးထိုးခြင်းကလည်း ရောဂါဖြစ်ပွားမှုနှုန်း လျှော့ချရေးအတွက် နည်းလမ်းတစ်ရပ်ပါပဲ။

ရောဂါဖြစ်ပွားမှုနှုန်းမြင့်မားလာတဲ့ နိုင်ငံတွေ၊ မြို့တွေ၊ ဒေသတွေမှာဆိုရင် ဈေးတွေ၊ ကျောင်းတွေ၊ စက်ရုံ အလုပ်ရုံတွေ ယာယီပိတ်ရတဲ့အစီအစဉ်တွေ၊ ကန့်သတ်မှုတွေ ဆောင်ရွက်တာတွေ တွေ့ရတယ်။ မဖြစ်မနေ သွားလာကြရတဲ့အခါမှာလည်း ကိုဗစ်– ၁၉ ရဲ့စည်းကမ်းချက်တွေဖြစ်တဲ့ နှာခေါင်းစည်း တပ်ဆင်တာ၊ Face Shield တပ်ဆင်တာ၊ လက်အိတ်တွေဝတ်ဆင်တာတွေ လုပ်ကြရပါတယ်။ ရောက်လေရာမှာ ဆပ်ပြာရည်၊ ဆပ်ပြာခဲနဲ့ လက်ဆေးတာတွေလည်း လုပ်ကြပါတယ်။ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေကြရပါတယ်။ အပြောအဆို အဆက်အဆံနည်းနိုင်သမျှနည်းအောင် နေထိုင်ကြရပါတယ်။



ဗြိတိန်ဝန်ကြီးချုပ် ဂျွန်ဆင် ကျန်းမာရေးဝန်ထမ်းများအား နှုတ်ဆက်နေစဉ်။

> **“ကိုဗစ်- ၁၉ ကြောင့် တစ်ကမ္ဘာလုံး လူသူအသေအပျောက်များတဲ့အပြင် စီးပွားရေး၊လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်မှထိခိုက်ခဲ့ပါပြီ။ ရောဂါစက်ဝန်းကြီးထဲက အမြန်ဆုံးရုန်းထွက်ချင်နေကြပါပြီ။ နိုင်ငံတိုင်းက ကိုဗစ်စက်ဝန်းထဲမှ အမြန်ဆုံးရုန်းထွက်ပြီး စီးပွားတွေ၊ ပညာတွေ၊ စနစ်တွေ အမြန်ကောင်းလာဖို့ ကြိုးပမ်းအားထုတ်နေကြပါပြီ။ ဒီရောဂါဆိုးကြီးဟာ ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားဖို့ နှစ်ကာလအတန်ကြာဦးမယ်လို့ ပညာရှင်များက ခန့်မှန်းထားကြပါတယ်”**

### ရောဂါစက်ဝန်းကြီးထဲက အမြန်ဆုံးရုန်းထွက်ချင်

ကိုဗစ်– ၁၉ ကြောင့် တစ်ကမ္ဘာလုံး လူသူအသေအပျောက်များတဲ့အပြင် စီးပွားရေး၊လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်မှထိခိုက်ခဲ့ပါပြီ။ ရောဂါစက်ဝန်းကြီးထဲက အမြန်ဆုံးရုန်းထွက်ချင်နေကြပါပြီ။ နိုင်ငံတိုင်းက ကိုဗစ်စက်ဝန်းထဲမှ အမြန်ဆုံးရုန်းထွက်ပြီး စီးပွားတွေ၊ ပညာတွေ၊ စနစ်တွေ အမြန်ကောင်းလာဖို့ကြိုးပမ်းအားထုတ်နေကြပါပြီ။ ဒီရောဂါဆိုးကြီးဟာ ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားဖို့ နှစ်ကာလအတန်ကြာဦးမယ်လို့ ပညာရှင်များက ခန့်မှန်းထားကြပါတယ်။ ကိုဗစ်နဲ့ အတူ ယှဉ်တွဲနေထိုင်ကြရဦးမယ်လို့ ဆိုပါတယ်။

ကိုဗစ်ကာကွယ်ရေးနည်းလမ်းတွေကို အဆက်မပြတ် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ တစ်ဖက်က ဆေးထိုးမှုအစီအစဉ်တွေ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသလို ကာကွယ်ရေးနည်းလမ်းတွေကိုလည်း လူတစ်ဦးချင်း၊ တစ်ယောက်ချင်းစီက လိုက်နာဆောင်ရွက်ဖို့ ကြိုးစားနေကြခြင်းဖြစ်ပါတယ်။

### ကိုဗစ်နဲ့အတူယှဉ်တွဲနေထိုင်

ဩော် ကမ္ဘာကြီး ကိုဗစ်– ၁၉ ကပ်ဆိုးကြီးအောက်ရောက်နေတာ နှစ်နှစ်တောင်ကျော်ခဲ့ပြီကိုး။ သူ့လက်အောက်ကရုန်းထဖို့ ကြိုးစားနေကြပြီ။ ကျောင်းတွေ၊စက်ရုံ အလုပ်ရုံတွေပြန်ဖွင့်ပြီ။ ခရီးသွားလုပ်ငန်းတွေ ပြန်လည်စတင်ဖို့ စိုင်းပြင်းနေကြပြီ။ ဒီအခါမှာ အရေးကြီးတာတစ်ခုရှိတယ်။ ကိုယ့်အသိအကျွမ်း၊ မိတ်တွေအပေါင်းအသင်း၊ သူငယ်ချင်းတွေ၊ သူစိမ်းသူကျက်တွေနဲ့ နှုတ်ဆက်မယ်။ အရင်လို လက်ဆွဲနှုတ်ဆက်ကြမှာလား။ အရင်လို ဖက်လဲတကင်း အူယားဖားယားနဲ့ နှုတ်ဆက်ကြမှာလား။ မဟုတ်ဘူး ပြောင်းသွားပြီ။ ကိုဗစ်နဲ့အတူ ယှဉ်တွဲနေထိုင်ရမယ့်ခေတ်ကို ရောက်ပြီ။ လူတိုင်းလူတိုင်း ကိုဗစ်ရဲ့အောက်မှာ နေထိုင်မှုပုံစံသစ် New Living ၊ New Normal ဖြစ်အောင် နေထိုင်ကြရတော့မှာပါ။

မကြာသေးမီက ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆန်ဒက်ဟွန်ဆင် မြန်မာနိုင်ငံကိုအလုပ်သဘောလာရောက်ခဲ့တယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တွေ့ဆုံမှုကို မြန်မာ့ရုပ်မြင်သံကြားမှာ အသေအချာကြည့်ရှုမိတယ်။ စတွေ့တွေ့ချင်း နှစ်ဦးစလုံးက လက်အုပ်ချီထားကြတယ်။ အနီးအနားရောက်မှ လက်သီးချင်းထိလိုက်ပြီး ဘေးချင်းယှဉ်ရပ်ကာ တံတောင်ဆစ်ချင်းထိလိုက်ကြတယ်။ ပြီးတော့ တစ်ဦးနဲ့တစ်ဦး အပြုံးနဲ့ ကြည့်လိုက်ပြီး နှုတ်ဆက်ကြတယ်။ နေပြည်တော်မှ အပြန်မှာလည်း ကမ္ဘောဒီးယားဝန်ကြီးချုပ်က နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကို ဒီလိုပဲ နှုတ်ဆက်သွားခဲ့တယ်။ ဒါက ကိုဗစ် –၁၉ က ပေးလိုက်တဲ့ နိုင်ငံတကာနှုတ်ဆက်နည်းအသစ်ပဲ။

အခုကျောင်းတွေဖွင့်တယ်။စက်ရုံအလုပ်ရုံတွေဖွင့်တယ်။ခရီးသွားကဏ္ဍတွေအရှိန်မြှင့်တော့မယ်။ အချင်းချင်းတွေ့ကြတဲ့အခါ ဘယ်လိုနှုတ်ဆက်ကြမလဲ။ ကိုဗစ် –၁၉ ကပေးတဲ့ နိုင်ငံတကာနှုတ်ဆက်နည်းလေးတော့ အလေ့အကျင့်တစ်ခုဖြစ်အောင် လုပ်ထားဖို့လိုမယ်ထင်တယ်။ လက်သီးချင်းထိမယ်။ ပြီးတော့ တံတောင်ဆစ်ချင်းထိပြီး အပြုံးနဲ့ နှုတ်ဆက်ကြမယ်။ ဒါလည်း New Living ၊ New Normal ပဲ မဟုတ်ပါလား။ ။

---

## မင်းတုန်းမြို့နယ် သည်န်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် ကွန်ကရစ်လမ်း ခင်းကျင်းပြီးစီး

**မင်းတုန်း ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁–၂၀၂၂ မီနီဘတ်ဂျက်နှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်ဝါရီလပထမပတ်က သည်န်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း အပြီးသတ် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ငွေကျပ်သိန်း ၁၀၀ ဖြင့် ကွန်ကရစ်လမ်း အရှည်ပေ ၆၀၀ စီမံကိန်းဆောင်ရွက်ရာ ကျေးရွာပြည်သူလူထု၏ လုပ်အားပူးပေါင်းပါဝင်မှုဖြင့် ကွန်ကရစ်လမ်းအရှည်ပေ ၁၀၀၀ အထိ ခင်းကျင်းဆောင်ရွက်နိုင်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်ထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးတွင် ရဟန္တာအပါး ၅၀၀ တို့အား စတုမဓုဆေးဆွမ်းကပ်လှူပူဇော်ပွဲကြီးကျင်းပသွားမည်



**ပုသိမ် ဇန်နဝါရီ ၁၁**
ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်မြို့၏ သမိုင်းဝင်ရှေးဟောင်းဘုရားတစ်ဆူဖြစ်သော ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီးတွင် မြတ်စွာဘုရားအမှူးထား၍ ရဟန္တာအပါး ၅၀၀ တို့အား (၉၅)ကြိမ်မြောက် စတုမဓု ဆေးဆွမ်းတော်ကပ်လှူပူဇော်ပွဲတော်ကြီး ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကုသိုလ်တော်အဖြစ် ပါဝင်လှူဒါန်းကုသိုလ်ပြုလိုသူများသည် စတုမဓုဆေးဘူးများ၊ ပျားရည်၊ နှမ်းဆီ စသော စတုမဓုကြိုချက်ရန်အတွက်ပါဝင်လှူဒါန်းကုသိုလ်ပြုလိုသူများသည် စတုမဓုဆေးဘူးများ၊ သကာရည်၊ ပျားရည်၊ နှမ်းဆီ၊ ထောပတ်များ၊ အမွှေး နံ့သာဆီမီးတိုင်များနှင့် နဝကမ္မအလှူတော်ငွေများကို ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံးတွင် ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ ကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်း ဘုရားကြီးဂေါပကအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**စည်ကားသိုက်မြိုက်စွာကျင်းပမည်**

အဆိုပါပွဲကြီးကို ရွှေမုဋ္ဌောဘုရားကြီး ရင်ပြင်တော် ရာဟုထောင့် ဇေတဝန်မဏ္ဍပ်စံကျောင်းတော်ကြီး၌ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူး၍ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ဇန်နဝါရီ ၁၃ ရက်မှ ၁၆ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပုဂံမြို့ဟောင်း အာနန္ဒာဘုရားကြီး၏ (၉၃၂) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်




**ညောင်ဦး ဇန်နဝါရီ ၁၁**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီး၏ (၉၃၂) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ အကျဉ်းချုံး ကျင်းပသွားမည်ဖြစ်ကြောင်း အာနန္ဒာဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးမျိုးညွန့်ထံမှ သိရသည်။

အာနန္ဒာဘုရားကြီး၏ (၉၃၂) ကြိမ်မြောက်ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ငါးရက်တိုင်တိုင် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် အာနန္ဒာဘုရားကြီး ရင်ပြင်၌ ပုဂံဒေသခံ သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းသပိတ်လုံးများ ဆက်ကပ်လှူဒါန်းပူဇော်သွားမည်ဖြစ်ကြောင်း သိရပြီး ရပ်ဝေးရပ်နီးမှ အချိန်မီပေးပို့လှူဒါန်းနိုင်ကြောင်းနှင့် လူကိုယ်တိုင်လည်း ဆွမ်းသပိတ်လုံးများ ကပ်လှူပူဇော်နိုင်ကြောင်း သိရသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

# မုဒုံမြို့နယ် ပြည်သူ့ဆေးရုံသို့ အလှူငွေများလာရောက်လှူဒါန်း

**မုဒုံ ဇန်နဝါရီ ၁၁**
မွန်ပြည်နယ် မုဒုံမြို့နယ်ပြည်သူ့ဆေးရုံ၌ လိုအပ်သောပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် ဇန်နဝါရီ ၁၀ ရက်က မြို့နယ်နေပြည်သူများက အလှူငွေများလာရောက်လှူဒါန်းသည်။

လှူဒါန်းရာတွင် မုဒုံမြို့နယ်နေ ဒေါ်သိန်းကျင်မိသားစုမှ မုဒုံမြို့ပြည်သူ့ ဆေးရုံ၊ ကျောက်ကပ်ဆေးဌာနအတွက် မီးစက်ဝယ်ယူနိုင်ရန် မတည်အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဒေါက်တာမြင့်မြင့်လွင်က မုဒုံဆေးရုံဝင်းအတွင်း၌ အသစ်ဆောက်လုပ်လျက်ရှိသည့် Isolation Ward တွင် အဲကွန်းတပ်ဆင်နိုင်ရန် အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း လာရောက်လှူဒါန်းရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်မိုးနိုင်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# ညောင်လေးပင်မြို့၌ နှမ်းစပါးနှင့် နေကြာသီးနှံစိုက်ပျိုးသည့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ဒုတိယအကြိမ်ဖြန့်ဖြူးရောင်းချပေး

**ညောင်လေးပင် ဇန်နဝါရီ ၁၁**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ၂၀၂၁-၂၀၂၂ ခုနှစ် နှမ်းစပါးနှင့် နေကြာသီးနှံ စိုက်ပျိုးသည့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ဒုတိယအကြိမ် ဖြန့်ဖြူးရောင်းချပေးခြင်းအခမ်းအနားကို ဇန်နဝါရီ ၉ ရက်က ညောင်လေးပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြို့နိုင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစိုးနိုင်က တောင်သူများအား ယူရီးယား ဓာတ်မြေဩဇာ ရောင်းချရခြင်း ရည်ရွယ်ချက်နှင့် အကျိုးရှိစွာသုံးစွဲနိုင်ရေး နည်းလမ်းများကို လည်းကောင်း၊ မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးမင်းဆွေက စက်မှုလယ်ယာဦးစီးဌာန၏ လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာအိတ်များအား ကျေးရွာအုပ်ချုပ်ရေးမှူးများထံ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြို့နိုင်၊ အဖွဲ့ဝင် (၁)ဗိုလ်မှူး နေလင်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးနိုင်၊ မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမင်းဆွေတို့က ရောင်းချပေးကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ဝက်လက်မြို့၌ ဓာတ်မြေဩဇာ အကျိုးရှိစွာ သုံးစွဲနည်း အသိပညာပေး သင်တန်းဖွင့်

**ဝက်လက် ဇန်နဝါရီ ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ဇန်နဝါရီ ၁၁ ရက်က မြို့နယ်အတွင်း ကျေးရွာအသီးသီးရှိ ဒေသခံတောင်သူများကို ဓာတ်မြေဩဇာ အကျိုးရှိစွာသုံးစွဲနည်း အသိပညာပေးသင်တန်း ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်အမာကြည်က စပါးသီးနှံအပါအဝင် သီးနှံပင်များ အာဟာရဓာတ်လိုအပ်ချက်ကိုသိရန်၊ အရွက်အရောင်တိုင်းကတ်( LCC )ဖြင့် တိုင်းတာပြီး ယူရီးယားဓာတ်မြေဩဇာထည့်ရာတွင် နွားချေး သို့မဟုတ် သဘာဝမြေဩဇာတစ်မျိုးမျိုးဖြင့်ရောကာ နွားချေးသုံးဆနှင့် ဓာတ်မြေဩဇာ တစ်ဆ ရောပြီး ကျွေးခြင်းသည် သာမန်ကျွေးခြင်းထက် ပိုမိုအကျိုးရှိကြောင်းနှင့် သီးနှံကြီးထွားမှု အဆင့်တိုင်းတွင် စနစ်တကျ ထည့်သွင်းပါက ပိုမို၍ကြီးထွားမှုများကြောင်း စသည့်လုပ်ဆောင်ရန်အချက်များ ပို့ချပြီး မြို့နယ်မြေအသုံးချရေးတာဝန်ခံ ဒေါ်ထွေးမိုးက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရမည့် နည်းစနစ်များနှင့် သီးနှံအထွက်တိုးတက်ရေးဆောင်ရွက်ရမည့် နည်းစနစ်များ၊ သီးနှံအတွက် အဓိကလိုအပ်သည့် အာဟာရဓာတ်များအကြောင်း ဆွေးနွေးပို့ချသည်။ အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးမှ ဒေသခံတောင်သူ ၆၃ ဦး တက်ရောက်ကြောင်း သိရသည်။

**စိုးစိုးလှိုင်(ဝက်လက်)**

# ရေနံချောင်းမြို့နယ်၌ ပဲစင်းငုံအသစ်ပေါ်ချိန် ဈေးကောင်း

**ရေနံချောင်း ဇန်နဝါရီ ၁၁**
မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများတွင် ပဲစင်းငုံဈေးကောင်းသောကြောင့် တောင်သူများဝင်ငွေကောင်းကြောင်း ဒေသခံများထံမှ သိရသည်။

ဇန်နဝါရီ ၄ ရက်တွင် ပဲစင်းငုံတစ်တင်း ငွေကျပ် ၃၇၂၀၀ ဖြင့် ရောင်းရကြောင်း၊ ယခင် ဒီဇင်ဘာ ၂၂ ရက်တွင် တစ်တင်းလျှင် ငွေကျပ် ၃၄၅၀၀ ရောင်းရကြောင်း၊ ပဲဈေးကောင်းရ၍ တောင်သူများအတွက် အဆင်ပြေကြောင်း ရေနံချောင်းမြို့နယ် ဒေသခံတောင်သူတစ်ဦးက ပြောသည်။

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ရှိ ယာမြေများ၌ ပဲစင်းငုံကိုသီးညှပ်အဖြစ် မိုးသီးနှံနှမ်း၊ ပဲလွမ်းတို့နှင့်အတူ အဓိကစိုက်ပျိုးကြောင်း၊ ပဲစင်းငုံသီးနှံသည် ရာသီဥတုဒဏ်ခံနိုင်သည့်အပြင် တွဲဖက်စိုက်ပျိုးသော သီးနှံကနေ အပိုဝင်ငွေရကြောင်း သိရသည်။

ထို့အပြင် မြို့နယ်အတွင်း၌ ပဲစင်းငုံ ၁၈၀၆၅ ဧက စိုက်ပျိုးထားကြောင်း ရေနံချောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မိုးသီးနှံစိုက်ပျိုးမှုစာရင်းအရ သိရသည်။

**မျိုးမြင့်သူ**

# ၂၀၂၁ ခုနှစ်အတွင်း အကောင်းဆုံးဖုန်း ၂၀ စာရင်းတွင် ဆမ်ဆောင်းနှင့် ရှောင်မီ အများဆုံးပါဝင်

**ရန်ကုန် ဇန်နဝါရီ ၁၁**
မိုဘိုင်းဖုန်းများ၏ အချက်အလက်များကို ဖော်ပြရာတွင် ဩဇာကြီးမားသောဝက်ဘ်ဆိုက်ဖြစ်သည့် GSMArena.com ဝက်ဘ်ဆိုက်က ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာ့ဈေးကွက်ထဲမှ အကောင်းဆုံး ဖုန်း ၂၀ ကို ဖော်ပြခဲ့ရာ ထိုစာရင်းတွင် Samsung နှင့် Xiaomi စမတ်ဖုန်းများက ၁၇ နေရာအထိ ပါဝင်နေသည်ကိုတွေ့ရပြီး ယင်းဖုန်းများထဲတွင် အများစုမှာ ပြည်တွင်းဈေးကွက်တွင်လည်း လူကြိုက်များသောဖုန်းများဖြစ်သည်ကို တွေ့ရသည်။

အကောင်းဆုံးဖုန်း ၂၀ အနက် ဆမ်ဆောင်း၏ Galaxy A စီးရီးနှင့် S စီးရီးဖုန်းများထဲမှ မော်ဒယ်ကိုးမျိုး ပါဝင်ပြီး Xiaomi မှထုတ်လုပ်သည့် Redmi, Poco နှင့် Mi ဖုန်းစီးရီးများထဲမှ ရှစ်မျိုးပါဝင်သည်။ Apple က iPhone 13 Pro Maxဖြင့် တစ်နေရာသာ ရရှိကာ မြန်မာနိုင်ငံဈေးကွက်တွင် အသုံးပြုမှုနည်းပြီး ဈေးကွက်မရှိသလောက်ဖြစ်သည့် OnePlus ဖုန်းက မော်ဒယ်နှစ်မျိုး ပါဝင်သည်။ ဖုန်း ၂၀ စာရင်း၏ ထိပ်ဆုံးသုံးနေရာတွင် Samsung Galaxy S21 Ultra 5G၊ Xiaomi Redmi Note 10 Pro နှင့် Xiaomi Redmi Note 10 တို့ အစဉ်လိုက်ရှိနေကြသည်။



စာရင်း၏ထိပ်ဆုံးမှ ဆမ်ဆောင်း Galaxy S21 Ultra 5G စမတ်ဖုန်း

အကောင်းဆုံးဖုန်း ၂၀ စာရင်းတွင်ပါဝင်သော အခြားဖုန်းမော်ဒယ် ၁၇ မျိုးမှာ Xiaomi ၏ Poco စီးရီးမှ X3 Pro နှင့် F3၊ Mi စီးရီးမှ Mi 11 Ultra နှင့် Mi 11 Lite၊ Redmi စီးရီးမှ Redmi 9T နှင့် Redmi Note 10S၊ ဆမ်ဆောင်း၏ Galaxy စီးရီးမှ S21 5G, S21+ 5G, A72 5G, A52, A52 5G, A52s 5G, A32, A32 5G၊ Apple ၏ iPhone 13 Pro Max၊ OnePlus 9 Pro နှင့် OnePlus Nord 2 5G တို့ဖြစ်သည်။

အဆိုပါစာရင်းမှာ GSMArena.com ဝက်ဘ်ဆိုက်ကို ဝင်ကြည့်သူများ၏ သုံးသပ်ချက်များနှင့် ဖုန်းမော်ဒယ်အလိုက် ရှာဖွေကြည့်ရှုခြင်းခံရသည့် အရေအတွက်အပေါ် မူတည်သတ်မှတ်ထားခြင်းဖြစ်ကြောင်းလည်း ဝက်ဘ်ဆိုက်တွင် ကြေညာထားသည်။

ကမ္ဘာ့ဖုန်းဈေးကွက်အတွင်း ရောင်းအားအနေဖြင့်မူ ဆမ်ဆောင်းက တစ်နှစ်လုံးတွင် ရောင်းအားအကောင်းဆုံးနေရာကို ရယူထားနိုင်ပြီး အိုင်ဖုန်းများက ဒုတိယ ရောင်းအားအကောင်းဆုံးနေရာတွင်ရှိသည်။ ၎င်းတို့နောက်တွင် Xiaomi၊ Oppo နှင့် Vivo တို့က အစဉ်လိုက် ရပ်တည်နေကြပြီး ယခင်နှစ်များက ရောင်းအားအကောင်းဆုံး ထိပ်ဆုံးပိုင်းတွင် ရှိတတ်သော ဟွာဝေးမှာ ယခုနှစ်အတွင်း Google Services များ မရရှိမှုကြောင့် Vivo ၏နောက်တွင်သာရှိနေကြောင်း ကမ္ဘာ့ဖုန်းဈေးကွက်ဝေစုကို ဖော်ပြသည့် Gizmochina.com ဝက်ဘ်ဆိုက်မှ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုစိုး (ကိုးကား–gsmarena.com)**

# မြန်မာနက်က လစဉ်သုံးနှင့် လုပ်ငန်းသုံး အင်တာနက်ဝန်ဆောင်မှုများအတွက် ဈေးနှုန်းများပြောင်းလဲ

**ရန်ကုန် ဇန်နဝါရီ ၁၁**
အင်တာနက်ဝန်ဆောင်မှုပေးသည့် လုပ်ငန်းတစ်ခုဖြစ်သော မြန်မာနက်အနေဖြင့် လစဉ်သုံးနှင့် လုပ်ငန်းသုံး အင်တာနက်ဝန်ဆောင်မှုအချို့အတွက် ဈေးနှုန်းများကို ဇန်နဝါရီ ၈ ရက်မှစ၍ ပြောင်းလဲသတ်မှတ်ထားကြောင်းနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ပြောင်းလဲခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနက်က ဇန်နဝါရီ ၇ ရက်ကထုတ်ပြန်သည့် အင်တာနက်ဈေးနှုန်း ပြောင်းလဲမှုဆိုင်ရာ ကြေညာချက်တွင် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းကုန်သွယ်ခွန်များကို တိုးမြှင့်ကောက်ခံရန်လိုအပ်သဖြင့် မြန်မာနက်အင်တာနက် အနေဖြင့် အမြတ်အစွန်းကိုမတိုးမြှင့်ဘဲ အင်တာနက်ဈေးနှုန်းအချို့ကို ပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်ကြောင်းနှင့် အဝသုံးဖုန်းအင်တာနက်ဈေးနှုန်းများမှာမူ ပြောင်းလဲခြင်းမရှိကြောင်း ကြေညာထားသည်။

ပြောင်းလဲလိုက်သော အင်တာနက်ဈေးနှုန်းအချို့မှာ အောက်ပါအတိုင်းဖြစ်ပြီး အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၆၀၀၀ အထိ တိုးမြှင့်ထားသည်ကို တွေ့ရသည်။

| လက်ရှိဈေးနှုန်း | ပြောင်းလဲမည့်ဈေးနှုန်း |
| --- | --- |
| ၈,၅၀၀ ကျပ် | ၉,၅၀၀ ကျပ် |
| ၁၀,၀၀၀ ကျပ် | ၁၁,၀၀၀ ကျပ် |
| ၁၂,၀၀၀ ကျပ် | ၁၃,၀၀၀ ကျပ် |
| ၁၄,၀၀၀ ကျပ် | ၁၅,၀၀၀ ကျပ် |
| ၁၆,၀၀၀ ကျပ် | ၁၈,၀၀၀ ကျပ် |
| ၂၀,၀၀၀ ကျပ် | ၂၂,၀၀၀ ကျပ် |
| ၂၄,၀၀၀ ကျပ် | ၂၅,၀၀၀ ကျပ် |
| ၂၈,၀၀၀ ကျပ် | ၃၀,၀၀၀ ကျပ် |
| ၃၂,၀၀၀ ကျပ် | ၃၅,၀၀၀ ကျပ် |
| ၄၄,၀၀၀ ကျပ် | ၄၈,၀၀၀ ကျပ် |
| ၆၄,၀၀၀ ကျပ် | ၇၀,၀၀၀ ကျပ် |

ဈေးနှုန်းပြောင်းလဲမှု အသေးစိတ်အချက်များကို myanmarnet.com ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ မြန်မာနက်အနေဖြင့် သုံးစွဲသူများ အဆင်ပြေစေရန် မြန်မာနက်နှင့် မြန်မာနက် Plus အင်တာနက်ဝန်ဆောင်မှုများအတွက် တပ်ဆင်ကြေးကို ၂၀၂၁ နိုဝင်ဘာ ၁၆ ရက်မှစ၍ ကျပ် ၁၉၀၀၀ မှ ၁၈၀၀၀ သို့ လျှော့ချကာ ခြောက်လ အရစ်ကျပေးနိုင်သည့် အစီအစဉ်ကိုလည်း ပြုလုပ်ထားသည်။

၂၀၂၂ ဇန်နဝါရီ ၆ ရက်က ကြေညာခဲ့သည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ဆင်းကတ်ဈေးနှုန်းများလည်း အပြောင်းအလဲရှိလာနိုင်မည်ဖြစ်၍ ပြင်ဆင်မှုနှင့် သက်ဆိုင်ရာ အိုင်တီစနစ်တို့ လိုက်လျောညီထွေအောင် ပြောင်းလဲခြင်းမပြုနိုင်မီအချိန်အထိ ဆင်းကတ်များရောင်းချမှုကို ရပ်တန့်ထားပြီးဖြစ်ကြောင်းလည်း တယ်လီကွန်းတစ်ခုဖြစ်သော တယ်လီနော‌မြန်မာက ကြေညာထားသည်။

**ကိုစိုး**

## Application Review

# မြန်မာစာအုပ်မျိုးစုံကို ဒေါင်းလုပ်ရယူနိုင်မယ့် MM Bookshelf အက်ပလီကေးရှင်း

ဒီအက်ပလီကေးရှင်းကတော့ စာဖတ်ဝါသနာပါသူတွေအတွက် မြန်မာဘာသာ စာအုပ်အမျိုးမျိုးကို ဒေါင်းလုပ်ရယူနိုင်မယ့် အက်ပလီကေးရှင်းဖြစ်ပါတယ်။

ဒီအက်ပလီကေးရှင်းထဲမှာ စာအုပ်တွေကို စာအုပ်ရဲ့နာမည်၊ စာအုပ်အမျိုးအစားနဲ့ စာရေးသူနာမည်တွေအလိုက် ရှာဖွေနိုင်ပြီး စာအုပ်တွေကို အခမဲ့ ဒေါင်းလုပ်ရယူနိုင်ပါတယ်။ ဒေါင်းလုပ်မဆွဲဘဲနဲ့ အက်ပလီကေးရှင်းထဲမှာပဲ ဖတ်ဖို့အတွက် အကြိုက်ဆုံးစာရင်းထဲမှာ သိမ်းထားနိုင်ပါတယ်။ ဒါ့အပြင် ဒေါင်းလုပ်ဆွဲသူအများဆုံးစာအုပ်များစာရင်း၊ နောက်ဆုံးအသစ်တင်ထားပေးတဲ့ စာအုပ်များစာရင်း စတာတွေကိုလည်း ဖော်ပြပေးထားလို့ ရှာဖွေရတာ ပိုပြီးလွယ်ကူမှာဖြစ်ပါတယ်။ အက်ပလီကေးရှင်းထဲမှာရှိတဲ့ စာအုပ်တွေကို ဒေါင်းလုပ်မဆွဲဘဲနဲ့ အခြားသူတွေဆီမျှဝေနိုင်မယ့် Link ကိုရယူနိုင်ဖို့လည်း ပံ့ပိုးပေးထားပါတယ်။

ဒီအက်ပလီကေးရှင်းကို ပလေးစတိုးမှာ MM Bookshelf – Myanmar ebook and daily news လို့ ရိုက်ရှာနိုင်ပြီး ဖိုင်ဆိုက်က 8MB လောက်ပဲ ရှိပါတယ်။ အက်ပလီကေးရှင်းကို အန်းဒရွိုက်ဗားရှင်း 4.1 နဲ့အထက် ဖုန်းအားလုံးမှာ အသုံးပြုနိုင်ပါတယ်။

**ကျော်ဇင်ဦး**

## Game Review

# အတိုက်အခိုက် အက်ရှင်ဂိမ်းကြိုက်သူတွေအတွက် Shadow Fight 3 မိုဘိုင်းဂိမ်း

ဒီဂိမ်းကတော့ တိုက်ခိုက်ရတဲ့ အက်ရှင်ဂိမ်းအမျိုးအစားကို ကြိုက်တဲ့သူတွေအတွက် ဂရပ်ဖစ်ပိုင်းရော၊ ဇာတ်လမ်းဇာတ်ကွက်ပိုင်းရော ကောင်းမွန်တဲ့ အွန်လိုင်းဂိမ်းအမျိုးအစား ဖြစ်ပါတယ်။

ဇာတ်လမ်းသွားက နှစ်ပေါင်းများစွာကတည်းက ရှိခဲ့တဲ့ Gates of Shadows ဆိုတဲ့ စွမ်းအင်တစ်ခုဟာ လက်နက်အဖြစ် ပြောင်းလဲသွားချိန်မှာ Legion Warriors၊ Dynasty People နဲ့ Heralds Ninjas ဆိုတဲ့ မျိုးနွယ်စုကြီး သုံးစုဟာ ရည်ရွယ်ချက်အသီးသီးနဲ့ ဒီလက်နက်ကို လိုချင်နေကြပါတယ်။ ဂိမ်းကစားသူဟာ ကြိုက်တဲ့ မျိုးနွယ်စုတစ်ခုဘက်ကနေ ရွေးချယ်ကစားနိုင်ပြီး မျိုးနွယ်အလိုက် တိုက်ခိုက်ရေးပုံစံတွေကို သင်ယူကာ လက်နက်တွေစုဆောင်းရင်းနဲ့ ရရှိလာတဲ့အဆင့်အလိုက် အခြားဂိမ်းကစားသူတွေနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ရမှာဖြစ်ပါတယ်။




ဂိမ်းဟာ ဇာတ်လမ်းပိုင်းကောင်းသလို ဂရပ်ဖစ်ပိုင်းကလည်း ထူးထူးခြားခြား ကောင်းမွန်ပြီး တိုက်ပွဲတွေထဲကနေ ဝတ်စုံနဲ့ လက်နက် ဒီဇိုင်းအသစ်တွေ ရလာတဲ့အခါ ပိုပြီးတော့ လှပလာပါတယ်။ ရောင်စုံရှုခင်းတွေနဲ့ လက်တွေ့ဆန်တဲ့ လှုပ်ရှားမှုပုံစံတွေဟာ မိုဘိုင်းဂိမ်းဖြစ်ပေမယ့် ကွန်ဆိုးလ်ဂိမ်းလို့ ခေါ်တဲ့ သီးသန့်ဂိမ်းစက်တွေနဲ့ကစားရတဲ့ ဂိမ်းတွေကို ယှဉ်နိုင်ပါတယ်။ ဂိမ်းကစားရင်းရလာတဲ့ ဝတ်စုံနဲ့ လက်နက်တွေကို ကိုယ့်ဂိမ်းဇာတ်ကောင်ကို စိတ်ကူးရှိသလို ဆင်ယင်ပေးတဲ့အပေါ် မူတည်ပြီး တိုက်ခိုက်တဲ့ စွမ်းရည်လည်း တက်လာမှာဖြစ်ပါတယ်။ Screen ပေါ်မှာနှိပ်ရတဲ့ ကွန်ထရိုးပိုင်းကလည်း ရိုးရှင်းလွယ်ကူပါတယ်။

ဒီဂိမ်းကို ပလေးစတိုးမှာ Shadow Fight 3 Nekki – Action and Fighting Games လို့ ရိုက်ရှာနိုင်ပြီး အန်းဒရွိုက်ဗားရှင်း 4.4 အထက်ဖုန်းတိုင်းမှာ ကစားနိုင်ပါတယ်။ ဂိမ်းဖိုင်ဆိုက်က စစချင်းမှာ 118MB ပဲရှိပေမယ့် ဂိမ်းကစားရင်း ထပ်ဒေါင်းလုပ်ဆွဲတာတွေကြောင့် ဖိုင်ဆိုက်က ပိုကြီးလာမှာဖြစ်ပါတယ်။ အခမဲ့ကစားနိုင်တဲ့ဂိမ်းဖြစ်ပေမယ့် အဆင့်မြန်မြန်တက်ချင်ရင် Item တွေကို ဝယ်ယူရမှာဖြစ်ပြီး Item တစ်မျိုးကို အနည်းဆုံး ကျပ် ၂၀၀၀ ကျသင့်မှာဖြစ်ပါတယ်။

**ကျော်ဇင်ဦး**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မြန်အောင်မြို့ ရောဝတီမြစ်အတွင်းရှိ ရေလယ်ကျွန်းကျေးရွာများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး သွားရောက်ထိုးနှံပေး

**မြန်အောင် ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အတွင်းရှိ ဆေးထိုးစုရပ် ၁၀ နေရာတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ ယမန်နေ့က ဧရာဝတီမြစ်အတွင်းရှိ အမှတ်(၃)ရပ်ကွက် ရေလယ်ကျွန်းကျေးရွာတွင် ကာကွယ်ဆေးသွားရောက် ထိုးနှံပေးသည်။

မြန်အောင် မြို့နယ်အတွင်းရှိ ကာကွယ်ဆေးထိုးစုရပ်များတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေး (Phase -4၊ Phase -5) ဒုတိယအကြိမ်နှင့်(Phase -6) ပထမအကြိမ် ထိုးနှံပေးလျက်ရှိပြီး ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ ရေလယ်ကျွန်းကျေးရွာများမှ သက်ကြီးရွယ်အိုများ၊ သွားလာရခက်ခဲသူများ၊ ဒေသခံများ အဆင်ပြေစေရန် တာဝန်ရှိသူများက ကျေးရွာအရောက်သွားရောက်၍ ကာကွယ်ဆေး ထိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းမိုလ်(မြန်အောင်)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

**(၂၄)နာရီ HELP LINE ဝန်ဆောင်မှု**

အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် ကျား၊မရေးရာအခြေပြု အကြမ်းဖက်မှုဖြစ်ရပ်များ၊ သက်ငယ်မုဒိမ်းဖြစ်ရပ်များ၊ ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အို တို့နှင့် ပတ်သက်၍ လူမှုရေးနည်းလမ်းအရ ဖြေရှင်း ဆောင်ရွက်ပေးရန်လိုအပ်ပါက

- ✓ ကာယကံရှင်ကိုယ်တိုင်သော်လည်းကောင်း၊
- ✓ သိရှိသူ ပြည်သူများမှလည်းကောင်း

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Helpline တယ်လီဖုန်းနံပါတ် ၀၆၇-၄၀၄၂၂၂ နှင့် ၀၆၇-၄၀၄၉၉၉** သို့ ယုံကြည်စိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ပြီး၊ Viber နံပါတ် **၀၉- ၈၈၉၉၁၁၁၄၄** သို့ Viber Message ပေးပို့၍လည်းကောင်း၊ Helpline-DSW Page Messenger သို့ Message ပေးပို့၍လည်းကောင်း တိုင်ကြားနိုင်ပါသည်။

